## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**



# မြဝတီ နေ့စဉ်

ဖြောင့်မတ်တည်ကြည် သတင်းမှန်သည် မြဝတီ


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၇၄)

၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်
၂၀၂၅ ခုနှစ်၊ ဇူလိုင် ၁ ရက်၊ အင်္ဂါနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဝါ ၁၄၀၂ ဧက စိုက်ပျိုးပြီးစီး

ပွင့်ဖြူ ဇွန် ၃၀

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဝါ ၆၂၇၅ ဧက စိုက်ပျိုးရန်လျာထားပြီး ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ၁၄၀၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။


"ပွင့်ဖြူမြို့နယ်မှာ လက်ရှိအချိန်ထိ ဝါ ၁၄၀၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ကြိုးစားဆောင်ရွက်နေပါတယ်။ သီးနှံအထွက်နှုန်းတိုးတက်စေဖို့အပြင် တောင်သူတွေကို ဒေသနဲ့ကိုက်ညီတဲ့မျိုးကောင်းမျိုးသန့်တွေ **စာမျက်နှာ ၁၆ ကော်လံ ၁ ➲**

## အထူးမိုးလေဝသ သတင်း

# မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းများဖြစ်ပေါ်နိုင်

နေပြည်တော် ဇွန် ၃၀

ယနေ့ညနေ ၄ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် ကမ်းရိုးတန်းတွင်ဖြစ်ပေါ်နေသော **စာမျက်နှာ ၁၆ ကော်လံ ၄ ➤**





ဆောင်းပါး

**အမျိုးသမီးများဘဝမြှင့်တင်ရေး ဝိုင်းဝန်းအားနှင့်ကူညီပေး** စာ - ၁၃ သို့

**အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအစီအစဉ်ဖြင့် အချိန်ပိုင်း အနုပညာဒီပလိုမာသင်တန်းများ ဖွင့်လှစ်မည်** စာ - ၁၂ သို့

**အမည်မည်းစာရင်း ကြေညာခြင်း** စာ - ၉ သို့





## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇူလိုင် ၁ ရက်)

# ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ်သို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ် ဇွန်လ ၂၈ ရက် ညနေပိုင်းတွင်ရောက်ရှိခဲ့သည်။ ပြည်နယ်အကြီးအကဲနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ရိုးရာဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ညပိုင်းတွင် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား Buryatia ပြည်နယ်အကြီးအကဲက ဂုဏ်ပြုညစာဖြင့်တည်ခင်းဧည့်ခံသည်။

မြန်မာနိုင်ငံနှင့်ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ်တို့မှာ နေရာဒေသချင်းအလှမ်းဝေးသော်လည်း ရင်ဘတ်ချင်းနီးကြသည်။ ကိုးကွယ်ရာဘာသာတရားချင်းလည်းတူညီမှုရှိကြပြီး အခြေခံဘာသာတရား နီးစပ်မှုမှအစပြု၍ လူမှုရေး၊ စီးပွားရေးဆိုင်ရာတို့တွင် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ယခုကဲ့သို့ Buryatia ပြည်နယ်သို့လာရောက်ခြင်းအတွက် များစွာဂုဏ်ယူပါကြောင်း ပြည်နယ်အကြီးအကဲကပြောကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲအနေဖြင့် Buryatia ပြည်နယ်သို့ တတိယအကြိမ်မြောက်ရောက်ရှိခြင်းဖြစ်သည်။ ဗုဒ္ဓဘာသာကို အများစုကိုးကွယ်သည့်ပြည်နယ်ဖြစ်ပြီး သာယာလှပသည့်ပြည်နယ်တစ်ခုဖြစ်သည်။ ၂၀၁၅ ခုနှစ်ကတည်းက ဘာသာရေးဆိုင်ရာကူးလူးဆက်ဆံဆောင်ရွက်မှုများကို စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ ၁၀ စုနှစ်တစ်ခုနီးပါးရှိနေပြီဖြစ်သည်။ ဘာသာရေးဆိုင်ရာ ဆက်ဆံဆောင်ရွက်မှုများအပြင် သိပ္ပံနှင့်နည်းပညာဆိုင်ရာ၊ စက်မှုနည်းပညာဆိုင်ရာနှင့်အခြားနယ်ပယ်ပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်မည်ဖြစ်သည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် မြန်မာနိုင်ငံနှင့်မိုင်ပေါင်းများစွာဝေးကွာသော်လည်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုမှာ ဝေးကွာခြင်းမရှိဘဲနီးကပ်လျက်ရှိသည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ်မှာလည်း မြန်မာတို့နှင့် ပိုမို၍နီးကပ်မှုရှိသည့်ဒေသတစ်ခုဖြစ်သည်။ အဆိုပါပြည်နယ်ရှိ Ulan-Ude မြို့ရှိ ရုရှားအကယ်ဒမီ၊ မွန်ဂို၊ တိဗက်နှင့်ဗုဒ္ဓဘာသာလေ့လာရေးအင်စတီကျု၊ ဆိုက်ဘေးရီးယားဌာနခွဲ၊ နျူကလီးယားဆေးဘက်ဆိုင်ရာစင်တာ၊ ကင်ဆာဌာနနှင့် ရထားစက်ခေါင်းပြင်ဆင်ရေးအလုပ်ရုံတို့သို့ နိုင်ငံတော်အကြီးအကဲအနေဖြင့် ၂၀၂၂ ခုနှစ် စက်တင်ဘာလအတွင်းက သွားရောက်လေ့လာခဲ့သည်။ အကယ်ဒမီအတွင်း ရှေးဟောင်းဘာသာစာပေယဉ်ကျေးမှုအနုပညာများ၊ ပန်းချီများ၊ တိဗက်လက်ရေးမူဖြင့်ရေးသားထားသည့် ဗုဒ္ဓမြတ်စွာဘုရား၏ ပိဋကတ်သုံးပုံတော်လာ အဆုံးအမကျမ်းစာများ၊ ရှေးဟောင်းနက္ခတ္တဗေဒဆိုင်ရာကျမ်းများ၊ တိဗက်၊ မွန်ဂိုဘာသာစကားများ၏အဆင့်ဆင့်ပြောင်းလဲမှုကို မှတ်တမ်းတင်ထားသည့် စာပေများ၊ မြန်မာနိုင်ငံမှရရှိထားသည့် ထန်းပုရပိုက်အပါအဝင် အခြားသောရှေးဟောင်းပုရပိုက်စာပေများကို စနစ်တကျထိန်းသိမ်းထားရှိသည်။

နိုင်ငံတော်အကြီးအကဲအနေဖြင့် Buryatia ပြည်နယ်သို့ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေစဉ် ဇွန်လ ၂၉ ရက် နံနက်ပိုင်းတွင် Baikal ရေကန်နှင့် Ulan-Ude LVRZ မီးရထားစက်ခေါင်းနှင့်ရထားတွဲပြုပြင်ရေးစက်ရုံတို့သို့သွားရောက်လေ့လာသည်။ Baikal ရေကန်သည် ရုရှားနိုင်ငံ၊ ဆိုက်ဘေးရီးယားဒေသတောင်ပိုင်း၊ Irkutsk Oblast နှင့်ဘူရားတီးရားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်တို့အကြားတွင် တည်ရှိသည်။ ကမ္ဘာပေါ်တွင်အနက်ဆုံးရေကန်တစ်ခုဖြစ်သည်။ လွန်ခဲ့သည့်နှစ်ပေါင်း သန်း ၃၀ ခန့်က တည်ရှိခဲ့သည့် ရှေးအကျဆုံးရေချိုရေကန်တစ်ခုလည်းဖြစ်သည်။ UNESCO မှ ကမ္ဘာ့အမွေအနှစ်နေရာအဖြစ် ၁၉၉၆ ခုနှစ်တွင် စာရင်းသွင်းခဲ့သည်။ ရှားပါးသောအပင်မျိုးစိတ် ၁၀၀၀ ခန့်နှင့် တိရစ္ဆာန်မျိုးစိတ်ပေါင်း ၂၅၀၀ ခန့်ရှိသည်။ လခြမ်းပုံရှည်လျားသည့်ပုံသဏ္ဌာန်သဘာဝအလှတရားနှင့် ထူးခြားသောအမွေအနှစ်တို့ဖြင့်ပြည့်နှက်နေသည့်ရေကန်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၁၉၃၄ ခုနှစ်က စတင်တည်ထောင်ခဲ့သော ကမ္ဘာလုံးဆိုင်ရာမီးရထားဆက်စပ်ပစ္စည်းများပြုပြင်ခြင်းနှင့် အပိုပစ္စည်းများထုတ်လုပ်ခြင်းဆိုင်ရာ အကြီးစားလုပ်ငန်းကုမ္ပဏီတစ်ခုဖြစ်သည့် Zheldorremmash ကုမ္ပဏီ၏လက်အောက်ခံစက်ရုံတစ်ရုံဖြစ်သည့် Ulan-Ude LYRZ မီးရထားစက်ခေါင်းနှင့်ရထားတွဲပြုပြင်ရေးစက်ရုံသို့သွားရောက်လေ့လာခဲ့ပြီး တာဝန်ရှိသူများက စက်ရုံနှင့်ပတ်သက်၍ရှင်းလင်းတင်ပြမှုများအပေါ် သိလိုသည်များပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံနှင့် Buryatia ပြည်နယ်အကြား ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ဆောင်ရွက်နိုင်ပြီး စီးပွားရေး၊ ပညာရေး၊ စက်မှုနည်းပညာ၊ ခရီးသွားကဏ္ဍစသည်တို့တွင် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် နိုင်ငံတော်အကြီးအကဲ၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ချစ်ကြည်ရေးခရီးစဉ်မှာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့်နှစ်နိုင်ငံအကျိုးစီးပွားပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်နိုင်သည့် ခရီးစဉ်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။


**အပြည်ပြည်ဆိုင်ရာသမဝါယမနေ့**

**၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၅)ရက် ( စနေနေ့ )**

International Day of Cooperatives

5th July 2025

International Co-operative Alliance

**“Cooperatives Driving Inclusive and Sustainable Solutions for a Better World”**

**“သမဝါယမနည်းလမ်းဖြင့် ပိုမိုကောင်းမွန်သော ကမ္ဘာကြီးကိုတည်ဆောက်ကြပါစို့”**


# သဘာဝဘေးကြောင့်ပျက်စီးသွားသော ကျေးလက်ကုန်ထုတ်လမ်း/တံတားများ ပြန်လည်ဖောက်လုပ်နေမှုစစ်ဆေး

**နေပြည်တော် ဇွန် ၃၀**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် အောင်သုခကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဘာဝဘေးမန္တလေးငလျင်ကြီးကြောင့်ပျက်စီးသွားသည့် ကျေးလက်ကုန်ထုတ်လမ်း/တံတားများ ပြန်လည်ဖောက်လုပ်နေမှုအခြေအနေများကို ဇွန်လ ၃၀ ရက်နံနက်ပိုင်းတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် လယ်ဝေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးတင့်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများသည် အောင်သုခကျေးရွာ၌ သဘာဝဘေးမန္တလေးငလျင်ကြီးကြောင့်ပျက်စီးသွားသည့် အရှည်ပေ ၁၀၀၀၊ အကျယ် ၁၂ ပေ၊ ထုသဲဖြူနှံး ၉ လက်မရှိ ကျေးလက်ကုန်ထုတ်လမ်းအား ပြန်လည်ဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက ကျေးရွာရှိ ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အောင်သုခကျေးရွာ၌ အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း/တံတား ဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၁၀ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ၂၀၂၅ ခုနှစ် မေလပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ယခုအခါ ၈၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး လုပ်ငန်းများအားလုံးရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက အဆိုပါကျေးရွာရှိ ကျေးလက်နေပြည်သူများ၏ လယ်ယာထုတ်ကုန်/ထွက်ကုန်များ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ အချိန်မီသယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**စိန်လွင်(ကျေးလက်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁-၇-၂၀၂၅ (အင်္ဂါနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် | ၈။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၂။ | ၀၈:၀၀ | မောင်မယ်လေးများသိစေချင် | ၉။ | ၁၈:၄၀ | မွေးမြူသုတ |
| ၃။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု | ၁၀။ | ၁၉:၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း** |
| ၄။ | ၁၅:၀၀ | တစ်ချိန်ကသူတို့အကြောင်း | | | **ကမ္ဘာတည်သရွေ့တည်ရှိနေမည်** |
| ၅။ | | အဟောင်းထဲမှအကောင်းဆုံး | | | **ငါတို့ရဲ့အမွေ** |
| | | သီချင်းများ | | | **အပိုင်း(၂)ဇာတ်သိမ်းပိုင်း** |
| ၆။ | ၁၆:၀၀ | မျိုးချစ်တပ်မတော် | | | **သရုပ်ဆောင်-ဟိန်းကိုကိုကျော်၊** |
| ၇။ | ၁၈:၀၀ | နုပျိုလှပကျန်းမာဖို့ | | | **သဥ္ဇာမြင့်မိုရ်** |
| | | လမ်းလျှောက်ကြပါစို့ | | | **ဒါရိုက်တာ ကျော်နှင်းဆီ** |


မြဝတီ နေ့စဉ် the Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(မြန်မာ)** - ဦးရာဇာအောင်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်)အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# မင်းဘူး(စကု)မြို့နယ်၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

မင်းဘူး ဇွန် ၃၀

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇွန်လ ၃၀ ရက်တွင် မင်းဘူးခရိုင် မင်းဘူး(စကု) မြို့နယ် ရေပုတ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။



အခမ်းအနားကို ရေပုတ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းသား၊ ကျောင်းသူများက အလှဆုံးပန်းများပွင့်ကြပြီ တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ကြသည်။

ဆက်လက်၍ အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်က ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်စေရန်၊ကျောင်းသား၊ ကျောင်းသူများ စာအုပ်စာပေ လေ့လာဖတ်ရှုနိုင်စေရန်နှင့် စာပေလေ့လာဖတ်ရှုခြင်းမှရရှိသော အသိပညာဗဟုသုတများကို ပြန်လည်အသုံးချမှုဝေနိုင်စေရန် ရည်ရွယ်၍ ယခုကဲ့သို့ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များ ကျင်းပရခြင်းဖြစ်ကြောင်း၊ လူငယ်များ ဗလ ငါးတန်နှင့်ပြည့်စုံပြီး အသိပညာဗဟုသုတများတိုးပွားစေရန် စာအုပ်စာပေကောင်းများကို လေ့လာဖတ်ရှုမှတ်သားကြရမည်ဖြစ်သည့်အတွက် စာအုပ်စာပေကောင်းများကို အမြဲလေ့လာဖတ်ရှုနိုင်ရေး ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်ကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများက ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်၌ ထည့်သွင်းကျင်းပသော အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသူများနှင့် အဆိုပါပွဲတော်၌ အထူးအစီအစဉ်တစ်ရပ်အဖြစ် ထည့်သွင်းကျင်းပခဲ့သော အမြဲမပြတ်လေ့လာသင်ယူရေးစကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် တာဝန်ရှိသူများက ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်၌ ထည့်သွင်းကျင်းပသော ကာယစွမ်းရည်ပြိုင်ပွဲများဖြစ်သည့် စကားပုံဆက်၊ အရုပ်ဆက်၊ ခါးကွင်းလှည့်၊ အရုပ်ကွင်းစွပ်၊ ဆန်ကောရွက် စသည့် ကစားနည်းပြိုင်ပွဲများကျင်းပနေမှု၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် လုပသာယာပြည်မြန်မာရောင်စုံဓာတ်ပုံပြခန်း၊ လူငယ်ရေးရာအသိပညာပေးလှုပ်ရှားဆောင်ရွက်မှုပြခန်း၊ စာအုပ်ပြခန်းများနှင့် သုတကမ္ဘာကျောင်းစာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# ဝါးခယ်မမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါးဧက ၁၁၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ဝါးခယ်မ ဇွန် ၃၀

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါးဧက ၁၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဝါးခယ်မမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးလျာထားဧက ၂၁၃၂၁၆ ဧကကို ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ၁၁၀၂၃ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်မှာ မိုးစပါးလျာထားဧက ၂၁၃၂၁၆ ဧက စိုက်ပျိုးနေပါတယ်။ လက်ရှိ ဧက ၁၁၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ပါတယ်။ ကျန်တဲ့ဧကတွေကိုဆက်လက်စိုက်ပျိုးနေပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ တောင်သူတွေ စပါးစတင်မစိုက်မီအချိန်ကတည်းက စိုက်ပျိုးရေးနည်းပညာတွေကို ကြိုတင်ဆောင်ရွက်ပေးနေပါတယ်။ ဒါ့ပြင် စပါးအထွက်နှုန်းကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ဓာတ်မြေသြဇာတွေကိုလည်း ပံ့ပိုးပေးဖို့ သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးနေပါတယ်။ အထွက်နှုန်းနဲ့ စပါးအရည်အသွေးပြည့်မီဖို့ကိုလည်း ဆောင်ရွက်ပေးနေပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်ကပြောသည်။

ဝါးခယ်မမြို့နယ်၌ မိုးစပါးလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝါးခယ်မမြို့နယ်၌ ယခုနှစ် မိုးစပါးလျာထားဧက ၂၁၃၂၁၆ ဧကကို ဆင်းသုခ၊ မနောသုခ ၊ GW-11၊ GW-1၊ ပေါ်ဆန်း၊ နံ့ကား၊ ပခမ်း စသည့်စပါးအမျိုးအစားများအား အများဆုံးစိုက်ပျိုးမည်ဖြစ်ကြောင်း၊ အဆိုပါစပါးအမျိုးအစားများသည် ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီသည့်အတွက် အဓိကထား စိုက်ပျိုးခြင်းဖြစ်ကြောင်း၊ မိုးစပါးကို လျာထားချက်အတိုင်း စိုက်ပျိုးခြင်းဖြင့် ဒေသတွင်းသာမက နိုင်ငံအတွင်း ဆန်စားသုံးမှုဖူလုံရေးကို အထောက်အကူပြုစေမည်ဖြစ်သည့်အပြင် ဆန်ဈေးနှုန်းတည်ငြိမ်ရေးကိုလည်း အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

**သုတကျော်**

# မြိတ်မြို့နယ်၌ တောင်သူများ စပါးမျိုးကောင်းမျိုးသန့်အသုံးပြုစိုက်ပျိုးနိုင်ရန် ခေတ်မီမျိုးစေ့သန့်စင်စက်ဖြင့် မျိုးစေ့များ အခမဲ့သန့်စင်ပေးလျက်ရှိ

မြိတ် ဇွန် ၃၀

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် တောင်သူများ ပန်းတိုင်အထွက်နှုန်းရရှိရေး စပါးမျိုးကောင်းမျိုးသန့်များအသုံးပြုစိုက်ပျိုးနိုင်ရန် ဌာနပိုင်ခေတ်မီမျိုးစေ့သန့်စင်စက်ဖြင့် မျိုးစေ့များအခမဲ့သန့်စင်ပေးလျက်ရှိကြောင်း မြိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပြီးခဲ့သည့်ဘဏ္ဍာနှစ်က တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ခွင့်ပြုငွေဖြင့် မြိတ်မြို့ ရဲသိပ္ပံလမ်း၌ မျိုးစေ့သန့်စင်စက်တစ်လုံးတည်ဆောက်ပြီး မျိုးစေ့များကို အခမဲ့သန့်စင်ပေးလျက်ရှိရာ တောင်သူများ မျိုးစေ့သန့်စင်လိုပါက အခမဲ့လာရောက်သန့်စင်နိုင်ကြောင်း သိရသည်။

"ဒီမျိုးစေ့သန့်စင်စက်ကို တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ခွင့်ပြုငွေနဲ့ တပ်ဆင်ထားပါတယ်။ မျိုးစေ့သန့်စင်ရာမှာ ဆန်ခါအမျိုးအစားငါးမျိုးနဲ့ အဆင့်ငါးဆင့် ခွဲခြားသန့်စင်ပါတယ်။ မော်တာနဲ့ လည်ပတ်လုပ်ကိုင်တဲ့အတွက် မီတာခနဲ့ လုပ်အားခတွေရှိပေမယ့် ဌာနအနေနဲ့ ဒီနှစ်မိုးစပါးစိုက်ပျိုးရာသီမှာ အခမဲ့သန့်စင်ပေးနေပါတယ်" ဟု မြိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြတ်စိုးက ပြောသည်။

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုငွေဖြင့် မြိတ်မြို့ ကန်ဖျားရပ် ရိပ်သာလမ်း၌ ခေတ်မီစပါးအခြောက်ခံစက်တစ်လုံးနှင့် မျိုးစေ့သန့်စင်စက်တစ်လုံးကို ထပ်မံတည်ဆောက်ထားပြီး ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် စပါးအခြောက်ခံခြင်း၊ သန့်စင်ခြင်းများ ဝန်ဆောင်မှုပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသဖြင့် မိုးစပါးများရိတ်သိမ်းချိန်တွင် စပါးအခြောက်ခံခြင်း၊ သန့်စင်ခြင်းများ လာရောက်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

မြိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စပါးမျိုးစေ့ အခမဲ့သန့်စင်ခြင်းကို ၂၀၂၅ ခုနှစ် ဧပြီလကုန်ပိုင်းမှစ၍ သန့်စင်ပေးလျက်ရှိပြီး စပါးမျိုးစေ့သန့်စင်မှုမှတ်တမ်းအရ တောင်သူ ၂၄၉ ဦး၏ မျိုးစပါး ၁၂၀၅၉ တင်းကို သန့်စင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မြိတ်မြို့နယ်အတွင်း GW-11၊ ဆင်းသုခ၊ မနောသုခ၊ ဆင်းသွယ်လတ်၊ ပေါ်ဆန်း၊ ဧရာမင်းနှင့် တခြားမျိုးများကိုလည်း စိုက်ပျိုးလျက်ရှိပြီး ယခင်နှစ် မိုးစပါးစိုက်ပျိုးရာသီက မိုးစပါးဧက ၄၁၂၆၀ စိုက်ပျိုးနိုင်ခဲ့ရာ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၇၃ ဒသမ ၇၄ တင်းခန့် ထွက်ရှိကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

သွားဖို့လာဖို့ အလွန်ခဲယဉ်းလှသော ထိုအခါက မူကား ကျွန်ုပ်သွားမည့်ဆဲဆဲတွင် မစိုးရောက်လာခြင်းကိုတွေ့ရသည့်အခါ မျက်နှာကို ဤတစ်ကြိမ်မြင်လိုက်ရခြင်းကဲ့သို့ ဝမ်းသာရဖူးခြင်းကို ကျွန်ုပ်မမှတ်မိချေ။ မစိုးရောက်လာသောအခါ၌မူ ချက်မှုပြုတ်မှုနှင့်ပတ်သက်၍ မစိုးကတာဝန်ယူကာ အကူအညီပေးနိုင်ပြီဖြစ်သောကြောင့် ကျွန်ုပ်သည် အိမ်ဖျက်ပွဲစားအလုပ်ကိုမလုပ်တော့ဘဲ ဝတ္ထုကလေးများရေးဖို့ စိတ်ကူးပါတော့သည်။ သို့ရာတွင် အမှန်ကို ဝန်ခံရပါက ညီအရင်းပင်ဖြစ်သော်လည်း သူတစ်ပါး၏ ထမင်းကို ကြာရှည်စွာ မှီခိုစားသောက်လိုသော ဆန္ဒမရှိသည်နှင့် ဖခင်ရှိသည့် မန်ကျည်းတုံရွာသို့ ပြောင်းရွှေ့လိုသော ဆန္ဒပြင်းထန်လျက်ရှိလေပြီ။ တစ်ကြောင်းမှာလည်း ညီတော်မောင်နှင့်အတူနေကြသော အင်စပိတ်တော် ကိုအောင်ဘော်တို့သည် ဂျပန်ခေတ်တွင် အရောင်းအဝယ်အလုပ်၌ ကွက်စပ်တည့်နေကြသူများဖြစ်၍ ငွေစကားအလွန်ပြောကြရာ ငွေရအောင်ရှာနိုင်စွမ်းမရှိသော ကျွန်ုပ်သည် သူတို့နှစ်ယောက်နှင့်အတူနေထိုင်ရခြင်းအားဖြင့် အလကားအနေခက်လျက်ရှိ၏။ တစ်ထောင် မြတ်သည်၊ နှစ်ထောင်မြတ်သည် စသည်ဖြင့် သူတို့ပြောကြသောစကားများသည် ကျွန်ုပ်အား ချိုးနှိမ်ဘိသကဲ့သို့ ဖြစ်နေ၏။ ပြောင်းရွှေ့ရန် အခက်အခဲတစ်ခုဖြစ်နေသည်မှာ ကျွန်ုပ်တို့၌ စုစုပေါင်းဝန်စည်စလယ် အထုပ်လေးထုပ်ရှိလေရာ ကူလီဟူ၍မရှိသော ထိုခေတ်၌ ရထားပေါ်သို့ ကတိုက်ကရိုက် တင်လိုက်ချလိုက်လုပ်ရသည်ဖြစ်၍ ကျွန်ုပ်တို့မတတ်နိုင်ဘဲဖြစ်နေ၏။ တစ်ယောက်တစ်ထုပ်ကားသယ်နိုင်ပါ၏။ နှစ်ယောက်အတွက် လေးထုပ်ကားမတတ်နိုင်သဖြင့် တစ်ထုပ်တလေ ကျန်ရစ်မည်ကိုစိုးရိမ်သောကြောင့် မန်ကျည်းတုံသို့ စိတ်သာရောက်ပြီး လူမသွားနိုင်ဘဲဖြစ်နေကြ၏။ ထိုသို့သောအခြေအနေတွင် ကျွန်ုပ်၏ညီဝမ်းကွဲနှစ်ယောက်သည် တပည့်ကလေးကိုယ်စီနှင့် ရန်ကုန်သို့ ကုန်ဝယ်ဆင်းလာကြရာ ကျွန်ုပ်တို့ကိုတွေ့ရန် ဝေဠုဝန်ကျောင်းတိုက်သို့ လာကြသည်တွင် ကျွန်ုပ်၏ ညိုးငယ်ပုံရသော မျက်နှာကိုမြင်ကြသည်နှင့် ဖခင်ထံသို့ လိုက်ခဲ့ရန်ခေါ်ကြလေ၏။ ဤတွင် ကျွန်ုပ်တို့ အထုပ်လေးထုပ် သယ်ယူရေးပြဿနာဖြေရှင်း၍ သူတို့နှင့်အတူလိုက်ကြရန် သဘောတူလိုက်လေသည်။ ထိုခေတ်၌ ရထားဖြင့် သွားလာရခြင်းမှာ တကယ်ခက်ခဲသည်ဖြစ်ရာ ကျွန်ုပ်၏အထုပ်လေးထုပ် သယ်ယူရေးအတွက် ကျွန်ုပ်စိုးရိမ်ပူပန်မိခဲ့ခြင်းသည် အပိုမဟုတ်။ တကယ်ပူပန်ထိုက်ခြင်းကို အဟုတ် ခရီးသွားသောအခါ၌ သိကြရပါသည်။ ဂျပန်ရထားအရာရှိများက ဆင်းကြဦးဆိုတိုင်း ဆင်းကြရ၍



တက်ဆိုလျှင် ကတိုက်ကရိုက် တက်ကြရလေရာ ရထားဘူတာရုံတစ်ခု၌ ကျွန်ုပ်၏ညီများက အထုပ်များကိုမရပ်သေးဘဲ ရွေ့နေသေးသော ရထားပေါ်သို့ ပစ်တင်၍ ကျွန်ုပ်တို့ဇနီးမောင်နှံကိုလည်း တွဲပေါ်သို့ ဆွဲတင်ယူရသည်အထိ သေပြေးရှင်ပြေးလုပ်ဖို့လိုခြင်းကိုပင် ကြုံခဲ့ရဖူးသည်။ ကျွန်ုပ်တို့ချည်းဆိုပါလျှင် ပစ္စည်းထုပ်ကိုမဆိုထားဘိ လူကိုယ်တိုင်ပင် မန်ကျည်းတုံသို့ ရောက်ကောင်းမှ ရောက်ပေမည်။

## မိဘ၏အရိပ်အေးလှခြင်း

ရထားတစ်တန်၊ ငှက် (သမ္ဗန်)တစ်တန်၊ လှည်းတစ်တန်၊ မြင်းရထားတစ်တန်သွားကြရ၍ နှစ်ရက်မြောက်သောညတွင် ကျွန်ုပ်တို့သည် မန်ကျည်းတုံရွာ ဖခင်၏နေအိမ်သို့ ဆိုက်ရောက်ကြလေရာ ကျွန်ုပ်၏ စိတ်ထဲ၌ ပင်လယ်ရပ်ခြား တိုင်းတစ်ပါးမှ ဆိုက်ရောက်လာကြသည့်နှယ် အကြီးအကျယ် ဟင်းချမိပါတော့သည်။ ညီတော်မောင်တို့နှင့် နေထိုင်ရစဉ်က ဆပ်ပြာခဲ၊ ဆီ၊ ရေနံဆီ၊ ငါးပိငါးခြောက် စသည့်ကုန်စည်များကို မြင်ရ၍ ငါးရာမြတ်သည်၊ တစ်ထောင်မြတ်သည်ဟု ကြားခဲ့ရပေရာ ဖခင်၏ အိမ်သို့ရောက်သောအခါတွင် ဖျာ၊ ရိုင်၊ တောင်း၊ ခြင်း၊ ပလုံး စသည့် အသေးအနုပ်ကုန်စည်များသာမြင်ရပြီး တစ်ကျပ်မြတ်၊ နှစ်ကျပ်မြတ် စသည်ဖြင့်သာ ကြားရမည်ဖြစ်သော်လည်း ဖခင်၏အရိပ်ကိုခိုရခြင်းကား အလွန်အေးချမ်းလှပါသည်။ ညီများ ရာထောင်မြတ်စွန်းသည်ဆိုခြင်းသည် ကျွန်ုပ်အဖို့ ဝမ်းသာစရာမဟုတ်သည့်အပြင် သူတို့၏အမူအရာကြောင့် ကိုယ့်ကိုယ်ကိုယ် နံရာရောက်သည်ဟုထင်ခဲ့မိရာမှ ဖခင်၏ ငါးကျပ်၊ တစ်ဆယ်မြတ်စွန်းခြင်းမူကား ငါတို့ ဆန်ကလေး၊ ဆီကလေး၊ ဟင်းလျာကလေး ဝယ်နိုင်ပေတော့မည်ဟု ဝမ်းသာမိပါတော့သည်။

ကျွန်ုပ်အဖို့ ကံကောင်းခြင်းတစ်ချက်မှာလည်း ကျွန်ုပ်သည် မိဘများအား ထောက်ပံ့ကြည့်ရှုခဲ့ဖူးခြင်းမရှိသော်လည်း အခါပျက်လုနီးချိန်မှစ၍ မိဘနှစ်ပါးအား တစ်လလျှင် တစ်ယောက်တစ်ဆယ်စီ ထောက်ပံ့ခဲ့ဖူးခြင်းကြောင့် (ကျွန်ုပ်နှင့်အတူအနေများသော) မိခင်က ကိစ္စမရှိလှစေကာမူ ကျွန်ုပ်၏ဖခင်ကမူကား လူတွေ့တိုင်း မပြောဘဲမနေနိုင်အောင် ဝမ်းမြောက်ဝမ်းသာဖြစ်ရရှာသည်။ သို့ဖြစ်၍ ကျွန်ုပ်က တစ်လှည့်တစ်ပတ် မှီခိုကပ်ရပ်ရဦးမည့် ထိုအချိန်တွင် ဖခင်က "မင်းတို့ဇနီးမောင်နှံတော့ စားချင်တိုင်း စားပါမောင်၊ ငါ့ဆိုင်ကလေးက အမြင်နုပ်ပေမယ့် တစ်နေ့တစ်ဆယ်၊ ဆယ့်ငါးကျပ်တော့ ဝင်ပါတယ်" ဟု ဝမ်းမြောက်ဝမ်းသာပြောရှာပေသည်။ ဖခင်၏အိမ်ဆိုင်မှာ မြန်မာလက်ဖြစ်ကုန်ပစ္စည်းများဖြစ်သည့် ဖျာ၊ ရိုင်၊ တောင်း၊ ပလုံး စသောပစ္စည်းများ ရောင်းချလေသည်။ ဇနီးမစိုးနှင့် သူတစ်ပါးအိမ်၌နေရ၍ ကျွန်ုပ် ကျေနပ်ခြင်းတစ်ခုမှာ မစိုးသည် ဟင်းချက်ကောင်းသည်ဟုနာမည်ရသည့်အပြင် သူတစ်ပါးအိမ်၌ အိုးသူကြီးအလုပ်ကို ဘယ်အခါမဆို တာဝန်ယူတတ်သူတစ်ယောက်ဖြစ်သည်နှင့် အိမ်ရှင်မတိုင်းက သဒ္ဓါကြည်ဖြူရှိကြ၍ ကျွန်ုပ်အဖို့ အနေချောင်လှသည်။

## ကျွန်ုပ်၏မိုက်မဲခြင်းတစ်ခု

ကျွန်ုပ်တို့ရောက်သောနေ့မှစ၍ ကျွန်ုပ်၏မိထွေးသည် အချက်အပြုတ်တာဝန်လွတ်ငြိမ်း၍ ဝမ်းသာခြင်းနှင့်အတူ မစိုး၏အချက်အပြုတ်ကို တစ်လျှောက်လုံး နှစ်သက်လာခဲ့သော ဖခင်ကလည်း "ယခုမှ ဟင်းနဲ့တူအောင်စားရပေသကွယ်"ဟုဆိုကာ ဝမ်းသာလျက်ရှိကြ၏။ ဤမျှအထိကား နေရာကျလှပါဘိသည်။ သို့ရာတွင် ကျွန်ုပ်နှင့်မစိုးတို့၏ဝါသနာမှာ ဟင်းကို နေ့ဖို့ညစာ တိုင်းထွာချက်ပြုတ်လေ့ရှိ၏။ ဥပမာ ကြက်သားဟင်းချက်သည်ဆိုလျှင် နံနက်အတွက် တစ်ဝက်ခွဲထားပြီး ညအတွက် တိုင်းထွာ၍ချက်၏။ မိထွေးမှာ ရွာသူတစ်ယောက်ဖြစ်၍ ကြုံသည့်အခါတွင် မြိုးမြိုးမြက်မြက် စားချင်တတ်သူဖြစ်ရကား ညအချိန်တွင် နံနက်အတွက် ချန်ထားသော ကြက်သားဟင်းထဲမှ နှိုက်ချင်နှိုက်စားတတ်၏။ နံနက်တိုင်သောအခါ မစိုးက ဟင်းပျောက်သည်ဆို၍ ကျွန်ုပ်အားပြောရာ ကျွန်ုပ်လည်း ဟင်းတုံးများကို ကြည့်ကာမျှနှင့် မည်သည့်အတုံးများ ပျောက်သည်ဟု ပြောနိုင်သူဖြစ်သည့်အလျောက် "ကြက်သားဟင်းအိုးထဲက ရင်အုပ်တုံးတွေပျောက်တယ်၊ ဘယ်သူစားသလဲ"ဟု စစ်ဆေးလေ့ရှိ၏။ ဖခင်ကမူ သူ့ဇနီးအကြောင်းကို သိရှာသည်နှင့် "မဆူပါနဲ့ ငါ့သားရယ်၊ အဖေရအောင်ရှာပါမယ်၊ ဈေးကိုလူလွှတ်ပြီး ဝယ်ပေးပါမယ်ကွယ်"ဟု ပြောသော်လည်း ကျွန်ုပ်က "ဝယ်တဲ့လူက ဝယ်နိုင်ပေမယ့် ချက်ရတဲ့လူက ပင်ပန်းသေးတယ်အဖေရဲ့"ဟု ပြန်ပြောမိသေးသည်။ သို့သော် ဖခင်၏ မျက်နှာမကောင်းခြင်းကို မြင်ရသည်နှင့် တစ်ကြိမ်ပြင်နှစ်ကြိမ် ဆူပူခြင်းကားမလုပ်တော့ပါ။ မိထွေးမူကား သူ၏အကျင့်ကို ဖျောက်တော့သည်မရှိ။ သူဆာလျှင် စားတတ်သည်ဖြစ်၍ ချက်ကတည်းက ပိုပိုလျှံလျှံ ချက်ပြုတ်ထားရပါတော့သည်။ ဖခင်အား ကျွန်ုပ်သနားမိခြင်းမှာ မိခင်၏နေရာ၌ မြှောက်စားထားသည့် မိထွေး၏ညံ့ဖျင်းသော အလေ့အကျင့်ကို ကျွန်ုပ်တို့သိသွား၍ ရှက်ရှာခြင်းပင်ဖြစ်လေသည်။ သို့ရာတွင် ကျွန်ုပ်သည် မိထွေး၏ညံ့ဖျင်းသော အချက်များကို ကိုယ်တိုင်လည်းမပြော၊ မစိုးအားလည်းမပြောဖို့ သတိပေးခြင်းအားဖြင့် စိတ်သက်သာရအောင် ကြိုးစားဖို့သတိရခဲ့ပါသည်။


## ဆေးကုန်သည်ဖြစ်ရခြင်း

မန်ကျည်းတုံသို့ရောက်ပြီး၍ တစ်လကျော်ခန့်ကြာလတ်သော် ကျွန်ုပ်တို့ကိုခေါ်လာခဲ့သည့် ညီဝမ်းကွဲနှစ်ယောက်အနက် အကြီးဖြစ်သူ မောင်ဖေဘက 'ဆင်ကိုနာ'(ကွာနိုင်မှုန့်)ဝယ်ပြီး ရန်ကုန်သို့သွားရောင်းလျှင် မြတ်နိုင်သည်ဟုအကြံပေး၏။ ကျွန်ုပ်သည် ဖခင်၏ဆိုင်ကလေးမှ ထမင်းစားသောက်၍ ဖခင်ကလည်း သဒ္ဓါကြည်ဖြူရှိစေကာမူ ဝမ်းစာအတွက် တစ်ခုခုလုပ်ရမှ ကျေနပ်တတ်သည့်အလျောက် ညီ၏အကြံအတိုင်း လိုက်နာဆောင်ရွက်ရန် သဘောတူလိုက်လေ၏။

ထိုစဉ်အခါက ကန့်ဘလူဘူတာတွင် အင်္ဂလိပ်အစိုးရ၏ ဆေးရထားတစ်စင်း မှောက်ဖူးရာ ရွာသူ၊ ရွာသားများသည် ရထားထဲ၌ပါလာသော ဆေးအမျိုးမျိုးတို့ကို သူ့ထက်ငါ သယ်ယူဝှက်ထားကြ၏။ မောင်ဖေဘသည် ယင်းရွာသားများထံမှ ဆင်ကိုနာဆေးမှုန့် ငွေ ၃၀၀ ကျပ်ဖိုးဝယ်ယူခဲ့၍ ကျွန်ုပ်အား ရန်ကုန်သို့ အစမ်းသဘောနှင့် သွားရောက်ရောင်းချရန် အကြံပေးလေ၏။ ခရီးသွားဖို့ဦးမလေးတတ်သော ကျွန်ုပ်သည် ရန်ကုန်သို့ ကုန်ဝယ်သွားကြမည့် လူငယ်တစ်စုနှင့်အတူ လိုက်ပါသွားလေသည်။

ဆက်လက်ဖော်ပြပါမည်။

# မိုးညှင်းမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်ပြပွဲကျင်းပ



မိုးညှင်း ဇွန် ၃၀

ကချင်ပြည်နယ် မိုးညှင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်ပြပွဲကို ဇွန်လ ၃၀ ရက်တွင် မိုးညှင်းမြို့ အခြေခံပညာအလယ်တန်းကျောင်းခွဲ (နန့်ပုတ်) ၌ ကျင်းပသည်။

အခမ်းအနားတွင်အခြေခံပညာအလယ်တန်းကျောင်းခွဲ(နန့်ပုတ်) ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမိမိဆွေက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နွယ်နွယ်အေးက အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသထားသည့် အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ် စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

ရွှေမိုးညှင်း

# ဥပဒေရေးရာဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားများကျင်းပ




နေပြည်တော် ဇွန် ၃၀

ဥပဒေရေးရာဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းတွင် ရုံးအမှတ်(၂၅) ဥပဒေရေးရာဝန်ကြီးဌာန၏ အဝင်လမ်းပရိဝုဏ်အတွင်း ကျင်းပရာ သတ်မှတ်နေရာတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ပိတောက်ပင်ကိုလည်းကောင်း၊ ဒုတိယဝန်ကြီး၊ ဒုတိယရှေ့နေချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်များက ကံ့ကော်ပင်များကိုလည်းကောင်း စိုက်ပျိုးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်နှင့် အဖွဲ့သည် အရာထမ်း၊ အမှုထမ်းများက ကံ့ကော်၊ ခရေ၊ သပြေနှင့်ငုဝါပင်တို့အား သတ်မှတ်နေရာများ၌ စိုက်ပျိုးပေးနေမှုကိုလှည့်လည်ကြည့်ရှုအားပေးသည်။ ယခုနှစ် ဥပဒေရေးရာဝန်ကြီးဌာန၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် စုစုပေါင်းအရိပ်ရပင် ၁၄၀ ကို စုပေါင်းစိုက်ပျိုးခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဥပဒေရေးရာဝန်ကြီးဌာန၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကိုကျင်းပရာ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းသားဘဝတွင် တပည့်ကောင်းများဖြစ်အောင် ကြိုးစားသကဲ့သို့ နောင်အချိန်တွင် တိုင်းပြည်ကိုဦးဆောင်ကြမည်ဖြစ်သည့်အတွက် ပညာပြည့်ဝရုံတင်မဟုတ်ဘဲ စည်းကမ်းကို ကိုယ်ကျင့်တရားများဖြင့် နေထိုင်တတ်ကြရန်နှင့် မိမိတို့၏ မိသားစုဂုဏ်၊ ကျောင်း၏ဂုဏ်ကိုဆောင်နိုင်ခြင်းမှသည် နိုင်ငံတော်၏ဂုဏ်ကိုပါဆောင်နိုင်စေရန် ကြိုးစားသွားကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ယခင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် Grade -12 ပြန်လည်ဖြေဆိုခဲ့ကြသော ကျောင်းသား၊ ကျောင်းသူကိုးဦးအပါအဝင် ယခုနှစ်ပညာသင်နှစ်အတွက် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်မှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၇၆ ဦးတို့အတွက် ပညာသင်ထောက်ပံ့ကြေးငွေ စုစုပေါင်း ငွေကျပ်သိန်း ၇၀ ကျော်ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

မြဝတီ

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ အထည်ချုပ်စက်ရုံများသို့ ဒုတိယဝန်ကြီး ဦးဝင်းရှိန် ကွင်းဆင်းစစ်ဆေး




ရန်ကုန် ဇွန် ၃၀

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ အမျိုးသားလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးသင်တန်းကျောင်း၌ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီဝင်များနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက သင်တန်းတက်ရောက်သည့် ကော်မတီဝင်များအနေဖြင့် ဘာသာရပ်ဆိုင်ရာ အသိအမြင်များ တိုးတက်လာပြီး လုပ်ငန်းခွင်အတွင်း ထိရောက်ကောင်းမွန်သည့် အန္တရာယ်ထိန်းချုပ်ရေးနည်းလမ်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း၊ OSH ကော်မတီဝင်များမှတစ်ဆင့် လုပ်ငန်းခွင်ရှိ အလုပ်သမားများထံ အသိအမြင်များဖြန့်ဝေနိုင်ခြင်း၊ ဦးစီးဌာနဝန်ထမ်းများနှင့် OSH ကော်မတီဝင်များကြား ပူးပေါင်းဆောင်ရွက်မှုအားကောင်းလာမည်ဖြစ်ကြောင်းဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်ရှိ အထည်ချုပ်စက်ရုံများဖြစ်သည့် Mei Jie (Myanmar) Clothing & Accessories Co., Ltd. နှင့် Bofei Garment Co., Ltd. တို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

ထို့နောက် စက်ရုံတာဝန်ခံနှင့် မန်နေဂျာ၊ အလုပ်သမားအဖွဲ့အစည်းဝင်များ၊ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီဝင်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအဖွဲ့ဝင်များက လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ ကုန်ထုတ်လုပ်မှုတိုးတက်ရေးအတွက် အလုပ်ရှင်နှင့် အလုပ်သမားပူးပေါင်းဆောင်ရွက်မှု၊ လိုအပ်ပါက မြို့နယ်အလုပ်သမားရေးရာတာဝန်ခံများနှင့် ဆက်သွယ်ဆောင်ရွက်မှုတို့ကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုကို အလေးထားဆောင်ရွက်ရန်၊ လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းပြီး ကုန်ထုတ်စွမ်းအားတိုးတက်စေရေးအတွက် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ရန်မှာကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်းသိရသည်။

မြဝတီ

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်ရုံများသို့ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် ကွင်းဆင်းကြည့်ရှု

နေပြည်တော် ဇွန် ၃၀

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် ဇွန်လ ၂၈ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ရှိ အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု)ရှိခေတ်အားခွဲရုံ၊ ကုန်ထုတ်ဌာန၊ စတီးအနားကွပ်ဌာန၊ စတီးအရောင်တင်ဌာနတို့အား ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဆေးဝါးစက်ရုံ(အင်ရောင်း)ရှိ သွေးကြောသွင်းဆေးရည်ထုတ်လုပ်ရေး(၂) ဌာနအဆောက်အအုံ ပြန်လည်ပြင်ဆင်နေမှုနှင့် ထိုးဆေးထုတ်လုပ်ရေးဌာနတွင် ထိုးဆေးများထုတ်လုပ်နေမှုတို့ကိုလည်းကောင်း၊ ကျောက်ဆည်စက်မှုနယ်မြေရှိ အမှတ်(၃၃)အကြီးစားစက်ရုံ(ကျောက်ဆည်) မန္တလေးလျှပ်စစ်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့မှု၊ ပြင်ဆင်ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ဇွန်လ ၂၉ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်ရှိအမှတ်(၇)အထည်စက်ရုံ (မြစ်သား) မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့မှု၊ ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုနှင့် စက်ရုံအတွင်း ကုန်ထုတ်လုပ်ငန်းဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။



မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ဝမ်းတွင်းမြို့နယ်ရှိ အမှတ်(၇)အထည်စက်ရုံခွဲ (ဝမ်းတွင်း)၌ စက်ရုံမှူး၊ ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပျော်ဘွယ်မြို့နယ်ရှိ အမှတ်(၈) အထည်စက်ရုံ (ပျော်ဘွယ်) ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ ရမည်းသင်းမြို့နယ်ရှိ အမှတ်(၈)အထည်စက်ရုံခွဲ(ရမည်းသင်း) ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်ရုံအလိုက် လိုက်နာဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့ကြောင်းသိရသည်။

မြဝတီ

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဇွန် ၃၀

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကန့်ဘလူမြို့နယ်၌ လယ်ယာမြေဧက ၁၀၀ ကို စက်မှုလယ်ယာမြေအဖြစ် ဖော်ထုတ်နိုင်ရေး ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေး

ကန့်ဘလူ ဇွန် ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ညောင်ပင်ကြီးကျေးရွာအုပ်စု ညောင်ပင်ကြီးကျေးရွာ၌ လယ်ယာမြေဧက ၁၀၀ ကို စက်မှုလယ်ယာမြေအဖြစ် စနစ်တကျ ဖော်ထုတ်နိုင်ရေးအတွက် ဇွန်လ ၂၉ ရက်က မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများတွေ့ဆုံဆွေးနွေးကြကြောင်း သိရသည်။


ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ထွန်းက စနစ်ကျစက်မှုလယ်ယာမြေဖော်ထုတ်နိုင်ရန် ယခုဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုငွေများဖြင့် စက်မှုလယ်ယာများဖော်ထုတ်မည်ဖြစ်ကြောင်း၊ ပုံသဏ္ဌာန်မမှန်သော လယ်ယာမြေကွက်များကို ပုံသဏ္ဌာန်မှန်စေရန် စက်ယန္တရားကြီးများဖြင့် ကန်သင်းဖျက်ခြင်း၊ ထယ်ထိုးထယ်ချခြင်း၊ မြေညှိခြင်းများဆောင်ရွက်မည်ဖြစ်ကြောင်း၊ တစ်သီးမှသည် နှစ်သီး၊ သုံးသီးစိုက်ပျိုးနိုင်ရေးအတွက် ရေသွင်းရေထုတ်စနစ်များ၊ ထွက်ရှိလာသည့်သီးနှံများကို သယ်ယူရောင်းချနိုင်ရန် ကုန်ထုတ်လမ်းများလည်းပါဝင်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ဒေသခံတောင်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဒေသခံတောင်သူများ တက်ရောက်ကြပြီး စနစ်ကျစက်မှုလယ်ယာမြေဖော်ထုတ်မည့်နေရာကို ကွင်းဆင်းစစ်ဆေးကြသည်။

ကန့်ဘလူမြို့နယ်၌ စနစ်ကျစက်မှုလယ်ယာမြေများကို ဘဏ္ဍာနှစ်အလိုက် ဖော်ထုတ်ပေးလျက်ရှိရာ စက်မှုလယ်ယာမြေဧက ၆၀၀ ဖော်ထုတ်ပြီးစီးပြီဖြစ်ပြီး ယခု ဧက ၁၀၀ ဖော်ထုတ်ပြီးပါက စုစုပေါင်း ဧက ၇၀၀ ရှိမည်ဖြစ်သည်။ တောင်သူများအနေဖြင့် စက်မှုလယ်ယာစနစ်တွင် စက်ယန္တရားများအသုံးပြု၍ စိုက်ပျိုးနိုင်ပါက လုပ်သားရှားပါးမှုအခက်အခဲကို ကျော်လွှားနိုင်ကာ အချိန်တိုအတွင်း သီးနှံများကို နှစ်သီး၊ သုံးသီးစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**




# မော်လမြိုင်ကျွန်းမြို့နယ်၌ ရင်ကွဲသရက်သီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ



မော်လမြိုင်ကျွန်း ဇွန် ၃၀

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ ဒေသထွက် ရင်ကွဲသရက်သီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ သီးနှံမျိုးစုံရောင်းဝယ်ရေးပွဲရုံလုပ်ငန်း လုပ်ကိုင်သူ ဒေါ်ဝင်းဝင်းသူ၏ပြောပြချက်အရ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်၌ ဒေသထွက် ရင်ကွဲသရက်သီးများသည် ဈေးကွက်အတွင်း ဇွန်လနောက်ဆုံးပတ်မှစတင်ကာ အရောင်းအဝယ်ကောင်းမွန်နေပြီး တစ်ရက်လျှင် သရက်သီးအလုံးရေ ၄၅၀၀၀ မှ ၅၅၀၀၀ အထိ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်ဘက်ကနေထွက်တဲ့ သရက်သီးတွေကို တခြားမြို့နယ်တွေက ဝယ်လိုအားများနေတယ်။ လက်ရှိ အရောင်းအဝယ်ကောင်းနေတဲ့ သရက်သီးတွေက အရည်အသွေးကောင်းပြီး လတ်ဆတ်မှုရှိပါတယ်။ ဒေသထွက်ကုန်ဖြစ်တော့ သက်သာပြီးသန့်ရှင်းလတ်ဆတ်တဲ့ စားသောက်ကုန်တွေကို စားသုံးနိုင်မှာဖြစ်ပါတယ်"ဟု ဒေါ်ဝင်းဝင်းသူကပြောသည်။

မော်လမြိုင်ကျွန်းမြို့နယ်၌ လက်ရှိ ရင်ကွဲသရက်သီးအပါအဝင် ဒေသထွက်သရက်သီးများပေါ်ထွက်နေသည့် အချိန်ဖြစ်ပြီး ဒေသထွက်သရက်သီးများ ဝယ်လိုအားကောင်းကာ အရောင်းသွက်လာခြင်းကြောင့် ဒေသထွက်ကုန်များကိုသာ အရောင်းအဝယ်ပြုလုပ်ရခြင်း၊ ကုန်စည်များသယ်ယူရသည့် ကုန်ကျစရိတ်သက်သာခြင်း၊ ကုန်ပစ္စည်းလတ်ဆတ်မှုရှိခြင်း စသည့်အကျိုးကျေးဇူးများရရှိနေကြောင်း သိရသည်။

**သုတကျော်**

# မြန်အောင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ မြန်မာမုန့်လုပ်နည်းသင်တန်းဖွင့်လှစ်

မြန်အောင် ဇွန် ၃၀

၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အကြိုလှုပ်ရှားမှုအဖြစ် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု မြန်မာမုန့်လုပ်နည်းသင်တန်းဖွင့်ပွဲကို ဇွန်လ ၂၉ ရက်က မြန်အောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်အောင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နေခြည်ဝင်းက ၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အကြိုလှုပ်ရှားမှုအဖြစ် မြန်မာမုန့်လုပ်နည်းသင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြဆရာမများအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

အဆိုပါသင်တန်းကို မြန်အောင်ခရိုင်အတွင်းရှိ မြန်အောင်၊ ကြံခင်းနှင့် အင်္ဂပူမြို့နယ်တို့မှ သင်တန်းသူ ၃၀ ဦးတက်ရောက်ကြပြီး နည်းပြဆရာမများက စာတွေ့လက်တွေ့သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ဝင်းမိုလ်(မြန်အောင်)**

# ကျား မရေးရာနှင့် ကျား မရေးရာအခြေပြုအကြမ်းဖက်မှု GENDER, CEDAW,NSPAW,UNSCR 1325 နှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲကျင်းပ

ပင်းတယ ဇွန် ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ ကျား၊ မရေးရာနှင့် ကျား၊ မရေးရာအခြေပြုအကြမ်းဖက်မှု GENDER,CEDAW,NSPAW,UNSCR 1325 နှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲကို ဇွန်လ ၃၀ ရက်တွင် အဆိုပါဦးစီးဌာနရုံး၌ ဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ ပင်းတယမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဆွေဆွေမြင့်က ကျား၊ မ အခြေပြုအကြမ်းဖက်မှုတွင်ပါဝင်သည့် အပြုအမူများ၊ အကြမ်းဖက်မှုအမျိုးအစားများ၊ ဖြစ်ပွားရသည့်အကြောင်းရင်း၊ အများဆုံးဖြစ်ပွားတတ်သည့် အကြမ်းဖက်မှုများ၊ အကြမ်းဖက်မှု အကျိုးဆက်များဖြစ်သည့် ရုပ်ပိုင်းဆိုင်ရာ အကျိုးဆက်များနှင့် စိတ်ပိုင်းဆိုင်ရာအကျိုးဆက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပင်းတယမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယဦးစီးမှူးက ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက်အမှတ် (၁၃၂၅) နှင့် အမျိုးသမီးငြိမ်းချမ်းရေးနှင့် လုံခြုံရေးအစီအစဉ်၊ အကောင်အထည်ဖော် ဆောင်ရွက်မည့် အခြေခံမဏ္ဍိုင်များ၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (CEDAW) နှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များ၊ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ကျား၊ မ အခြေပြု အကြမ်းဖက်မှုဖြစ်ပွားပါက တိုင်ကြားနိုင်သည့်နည်းလမ်းများ၊ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ဆောင်ရွက်ပေးနေမှုများနှင့် လိုအပ်ပါက ဖုန်း-၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉၊ တိုင်းဒေသကြီး/ ပြည်နယ် လူမှုဝန်ထမ်းရုံးများသို့ ဆက်သွယ်နိုင်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပွဲသို့ လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**အောင်ကိုဦး(ပြန်/ဆက်)**

# မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများထုတ်လုပ်ရာတွင် အသုံးပြုနိုင်သည့် ထိန်းချုပ်ဓာတုပစ္စည်းများ ကုန်သွယ်မှု၊ အသုံးပြုမှုနှင့် ထိန်းသိမ်းဆောင်ရွက်မှုများ အပိုင်း(၅)

**ယမန်နေ့မှအဆက်**

**Ammonium Nitrate** (အမိုနီယမ်နိုက်ထရိတ်) $NH_4NO_3$ သည် Ammonium Cation $(NH_4)$+ Nitrate Anion $(NO_3)$ တို့ဖြင့် ဖွဲ့စည်းထားသော Ionic ဆား ဖြစ်သည်။ အနံ့မရှိသော၊ အရောင်မဲ့၊ အဖြူရောင်မှ မီးခိုးရောင်ပုံဆောင်ခဲ (သဲနှင့်တူသော)အပေါက်များ၊ ပုတီးစေ့ သို့မဟုတ် အမှုန့်များဖြစ်သည်။ Ammonium Nitrate သည် Nitrate ပုံစံတွင် နိုက်ထရိတ်၏ ထက်ဝက်နှင့် Ammonia ပုံစံတွင် ထက်ဝက်ပါနေသောကြောင့် Ammonium Nitrate သည် အသုံးများသောမြေဩဇာဖြစ်သည်။ ၎င်းကို ဖောက်ခွဲရေးပစ္စည်းများ၊ မီးခြစ်များ၊ ဓာတ်မြေဩဇာများနှင့် ပဋိဇီဝဆေးများပြုလုပ်ရာတွင်လည်း အသုံးပြုသည်။

"3,4-MDP-2-P methyl glycidate" (PMK glicidate) (၃၊ ၄-အမ်ဒီပီ-၂-ပီ-မီသိုင်း ဂလိုက်စီဒစ်အက်စစ်) (ပီအမ်ကေဂလိုက်စီဒစ်အက်စစ်) $C_{12}H_{12}O_5$ သည် စည်းမျဉ်းစည်းကမ်းဖြင့် သတ်မှတ်ထားသည့် အဖြူရောင်ပုံဆောင်ခဲပုံစံ ဓာတုပစ္စည်းဖြစ်ပြီး တရားဝင်အသုံးပြုမှုများအပြင် အက်ဥပဒေချိုးဖောက်မှုဖြင့်ထိန်းချုပ်ထားသော အရာဝတ္ထုတစ်ခုကိုထုတ်လုပ်ရာတွင် အသုံးပြုပြီး ထိန်းချုပ်ထားသော ဓာတုပစ္စည်းများ ထုတ်လုပ်ရန်အတွက်အရေးကြီးသည်။

**Safrole Rich Oil** (ဆာဖရိုးကြွယ်ဝသောဆီ) $C_{10}H_{10}O_2$ သည် အရောင်မရှိ(သို့) အဝါဖျော့ရောင်အဆီဖြစ်ပြီး Safrole သည် ဆေးလိပ်နှင့်ဆေးရွက်ကြီးမီးခိုးများနှင့် အစားထိုးဆေးရွက်ကြီးမီးခိုးများတွင် ပါဝင်သောအစိတ်အပိုင်းတစ်ခုဖြစ်သည်။ အချိုရည်တွင် အရသာပစ္စည်း (Flavoring agent) အဖြစ်လည်းကောင်း၊ ပရုတ်နှင့် Saffras ၏အဆီများတွင်လည်းကောင်း၊ ကပ်ပါးပိုးဝင်ခြင်းအတွက် ဆေးဝါးအဖြစ်လည်းကောင်း အသုံးပြုနိုင်ပြီး ၎င်းသည် စာရင်းသွင်းထားသော ကင်ဆာရောဂါတစ်မျိုးဖြစ်စေကာ အမွှေးနံ့သာပါဝင်ပစ္စည်းအဖြစ် အသုံးမပြုနိုင်ပေ။ စိတ်ကြွဆေးပြား Ecstasy ဟုလည်း လူသိများသော N-methyl - 3,4-methylenedioxyamphetamine (MDMA) အမ်ဖီတမင်း (Amphetamine) အမျိုးအစား စိတ်ကြွဆေးထုတ်လုပ်ရန်အတွက် အဓိကပရီကာဆာဓာတုပစ္စည်း (Main Precursor) အဖြစ် တရားမဝင်အသုံးပြုသည်။

> **Safrole Rich Oil (ဆာဖရိုးကြွယ်ဝသောဆီ) $C_{10}H_{10}O_2$ သည် အရောင်မရှိ(သို့) အဝါဖျော့ရောင်အဆီဖြစ်ပြီး Safrole သည် ဆေးလိပ်နှင့်ဆေးရွက်ကြီးမီးခိုးများနှင့် အစားထိုးဆေးရွက်ကြီးမီးခိုးများတွင်ပါဝင်သောအစိတ်အပိုင်းတစ်ခုဖြစ်သည်။ အချိုရည်တွင် အရသာပစ္စည်း (Flavoring agent) အဖြစ်လည်းကောင်း၊ ပရုတ်နှင့် Saffras ၏ အဆီများတွင်လည်းကောင်း၊ ကပ်ပါးပိုးဝင်ခြင်းအတွက် ဆေးဝါးအဖြစ်လည်းကောင်းအသုံးပြုနိုင်ပြီး ၎င်းသည်စာရင်းသွင်းထားသော ကင်ဆာရောဂါတစ်မျိုးဖြစ်စေကာ အမွှေးနံ့သာပါဝင်ပစ္စည်းအဖြစ် အသုံးမပြုနိုင်ပေ။**

**Thionyl Chloride** (သိုင်အိုနိုင်းလ်ကလိုရိုက်) $SOCl_2$ သည် စူးရှသောအနံ့ရှိသည့် အရောင်မရှိကြည်လင်သောအရောင်မှ အဝါဖျော့ရောင်ပြောင်းသော ဆူပွက်နေသည့်အရည်ဖြစ်ပြီး ၎င်းသည် စာရင်းသွင်းထားသော ကင်ဆာရောဂါတစ်မျိုးဖြစ်စေပြီး အမွှေးနံ့သာပါဝင်ပစ္စည်းအဖြစ် အသုံးမပြုနိုင်ပါ။ အချိုရည်တွင် အရသာပစ္စည်းအဖြစ်အသုံးပြုခြင်း (Flavoring agent)၊ ပရုတ်နှင့် ရွှေဝါရောင် (Saffras)၏ အဆီများတွင်တွေ့ရှိရခြင်း၊ ကပ်ပါးပိုးဝင်ခြင်းအတွက် ဆေးဝါးအဖြစ် တရားဝင်အသုံးပြုပြီး စိတ်ကြွဆေးပြား (Ecstasy) ဟု လူသိများသော N-methyl - 3,4-methyle- nedioxyam phetamine (MDMA)နှင့် အမ်ဖီတမင်း(Amphetamine)နှင့် Lysergic acid diethylamide ထုတ်လုပ်ရန်အတွက် အဓိကပရီကာဆာဓာတုပစ္စည်း (Main Precursor) အဖြစ် တရားမဝင်အသုံးပြုသည်။

ရေမွှေးအမျိုးမျိုးထုတ်လုပ်ရာတွင်ပါဝင်သည့် ပရီကာဆာများ(Percursors)မှာ Isosafrole၊ 3-4-Nothylenediophenyl-2- Propanon၊ Anthranilic Acid နှင့် Ethyl Ether တို့ဖြစ်သည်။

ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာနည်းဥပဒေများအရ ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးကော်မတီသည် ထိန်းချုပ်ဓာတုပစ္စည်းလုပ်ငန်းလုပ်ကိုင်ခြင်း၊ ၎င်းတို့ကိုအသုံးပြု၍ ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းလုပ်ကိုင်ခြင်း၊ ပြည်ပမှတင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် လက်ဝယ်ထားရှိအသုံးပြုခြင်းတို့အတွက် သက်ဆိုင်ရာ အစိုးရ၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ထိန်းချုပ်ဓာတုပစ္စည်းများကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကို ထုတ်လုပ်ရာတွင် တရားမဝင်သောလမ်းကြောင်းသို့ပြောင်းလဲ၍ အသုံးပြုကြောင်း သံသယဖြစ်ဖွယ်တွေ့ရှိပါက ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးကော်မတီသို့ ချက်ချင်းသတင်းပို့၍ စစ်ဆေးမှုများဆောင်ရွက်ရမည်။ ပြည်ပတင်သွင်း/တင်ပို့ခွင့်ရရှိသူများအနေဖြင့် ၎င်းပစ္စည်းများတင်သွင်းခြင်း၊ တင်ပို့ခြင်းပြုရာတွင် သတ်မှတ်ထားသောစာရွက်စာတမ်းအချက်အလက်များကို ကြိုတင်၍ဖြည့်ဆည်းတင်ပြရန်နှင့် တင်သွင်းတင်ပို့သည့်အခါ လုံခြုံစွာထုပ်ပိုး၍ တံဆိပ်အမှတ်အသားကပ်ထားပြီး ခွင့်ပြုထားသော နေရာဒေသသို့သာ သယ်ယူပို့ဆောင်ရမည်။

ကျန်းမာရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသည့်ထိန်းချုပ်ဓာတုပစ္စည်းတစ်မျိုးမျိုးနှင့်ဖော်စပ်ထုတ်လုပ်ထားသော ဆေးကုသရာတွင် အသုံးပြုသောဆေးဝါးများ၊ အလွယ်တကူ ဓာတ်ခွဲထုတ်လုပ်၍ ပြန်လည်အသုံးမပြုနိုင်သည့်ထိန်းချုပ်ပစ္စည်းတစ်မျိုးမျိုး၏ ဒြပ်ပေါင်းများ၊ ဥပမာအားဖြင့် ထိန်းချုပ်ဓာတုပစ္စည်းတစ်မျိုးမျိုးဖြင့် ပြုပြင်၊ ထုတ်လုပ်ထားသည့် ဘက်ထရီအက်စစ် အလှဆီ၊ အမွှေးနံ့သာ၊ ရေမွှေး၊ ဆပ်ပြာမွှေး၊ ဆိုးဆေး၊ ချေးချွတ်ဆေး၊ သုတ်ဆေး၊ ဓာတ်မြေဩဇာစသည့် အများပြည်သူ အိမ်သုံး၊ လူသုံး၊ လုပ်ငန်းသုံးကုန်ပစ္စည်းများထုတ်လုပ်ရာတွင် အသုံးပြုကြပြီး အောက်ဖော်ပြပါထိန်းချုပ်ဓာတုပစ္စည်းများကို အလေးချိန်၊ ပမာဏ သို့မဟုတ် အရေအတွက်အတိုင်း လက်ဝယ်ထားခွင့်ရှိသည်-

## ဒေါက်တာလပြည့်ခင်

| | | |
|---|---|---|
| (က) | အက်စစ်တစ်အင် ဟိုက်ဒရိုက် | - ၁၀ လီတာ |
| (ခ) | ပိုတက်စီယမ် ပါမင်းဂနိတ် | - ၅ ကီလိုဂရမ် |
| (ဂ) | အက်စီတုန်း | - ၁၀ လီတာ |
| (ဃ) | အီသိုင်းလ်အီသာ သို့မဟုတ် ဒိုင်အီသိုင်းလ်အီသာ | - ၁၀ လီတာ |
| (င) | ဟိုက်ဒရိုကလိုရစ် အက်စစ် | - ၅၀ လီတာ |
| (စ) | ဆာလဖျူရစ် အက်စစ် | - ၅၀ လီတာ |
| (ဆ) | တော်လူအင်း | - ၁၀ လီတာ |

ကျန်းမာရေးဝန်ကြီးဌာန၏ အမိန့်၊ ညွှန်ကြားချက်နှင့်အညီ မှတ်ပုံတင်လက်မှတ်ရဆရာဝန်နှင့် လူနာများက ဝယ်ယူသုံးစွဲခြင်း၊ လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်းပြုသည့် ထိန်းချုပ်ဓာတုပစ္စည်းများ၊ ယင်းတို့နှင့် ပြုပြင်ဖော်စပ်ရောနှော၊ ထုတ်လုပ်ထားသည့်ဆေးဝါးများ၊ ဒြပ်ပေါင်းများနှင့်စပ်လျဉ်း၍ အဆိုပါနည်းဥပဒေများအရ ထောက်ခံချက် သို့မဟုတ် ခွင့်ပြုချက်ရယူရန်မလိုသော်လည်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ထုတ်လုပ်ရာတွင် အသုံးပြုပါက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်းနှင့် မူးယစ်သံသရာမလည်ပတ်ဖို့ မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်မှုများ သတင်းပေးကြစို့ဟုတိုက်တွန်းရေးသားဖော်ပြလိုက်ရပါသည်။ ။

# တရော်ပင်အင်း(ကျီးအင်း)ကျေးရွာ မျိုးဆက်သစ်စာကြည့်တိုက်ဖွင့်လှစ်

နေပြည်တော် ဇွန် ၃၀

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် တရော်ပင်အင်း(ကျီးအင်း)ကျေးရွာ၌မျိုးဆက်သစ်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဇွန်လ ၂၉ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ တရော်ပင်အင်း(ကျီးအင်း)ကျေးရွာ မျိုးဆက်သစ်စာကြည့်တိုက်အဆောက်အအုံသစ်ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင့်တင့်ခိုင်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်အတွင်း ပြည်သူများစာပေဖတ်ရှုနေမှုနှင့် စာအုပ်စာစောင်များထားရှိမှု အခြေအနေများကြည့်ရှုအားပေးသည်။

ထို့နောက် ကျေးရွာအုပ်ချုပ်ရေးမှူးက စာကြည့်တိုက်အဆောက်အအုံအတွက် မြေအလှူရှင်တို့အား စာကြည့်တိုက်ဆိုင်ရာ အချက်အလက်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများလွှဲပြောင်းပေးအပ်ကာ မြို့နယ်ဦးစီးမှူး ဒေါ်တင့်တင့်ခိုင်နှင့်တာဝန်ရှိသူများက နေပြည်တော်စာကြည့်တိုက်များဖောင်ဒေးရှင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ လှူဒါန်းသည့် စာအုပ်စာစောင်များအား သက်ဆိုင်ရာ ကျေးရွာတာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

အဆိုပါစာကြည့်တိုက်အား မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီမှမတည်ငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူလူထုထည့်ဝင်ငွေကျပ် ၃၇ သိန်း၊ စာကြည့်တိုက်မြေအလှူရှင်တို့ဖြင့် အုတ်ညှပ်၊ သွပ်မိုးတစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရသည်။ (၄၁၃)

## MWD Education, Knowledge & Sports Channel

၁-၇-၂၀၂၅(အင်္ဂါနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၁၃ | Grade - 4 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၆:၃၄ | Grade - 4 | သင်္ချာ၊ လူမှုရေး |
| ၃။ | ၁၆:၃၄ - ၁၇:၀၆ | Grade - 4 | သိပ္ပံ |
| ၄။ | ၁၇:၀၆ - ၁၈:၁၇ | Grade - 5 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၅။ | ၁၈:၁၇ - ၁၉:၅၄ | Grade - 5 | သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁-၇-၂၀၂၅(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | နှလုံးသားဝယ် ဘုရားတည် |
| ၂။ | ၁၁:၅၀ | လှပကျန်းမာ |
| ၃။ | ၁၄:၅၀ | Speech On Air |
| ၄။ | ၁၆:၀၀ | တပ်မတော်စာတိုက်ခန်း |
| ၅။ | ၁၇:၀၀ | ထင်ရှားကျော်ကြား ပုဂ္ဂိုလ်များ |
| ၆။ | ၂၁:၂၀ | Memory Box |

# မျက်စိနာနှင့် ဆေးနည်းကောင်းများ

**"ဆားရည်ကြည်သည် မျက်စိနှင့်သင့်ကြောင်း ရှေးက တိုင်းရင်းဆေးကျမ်းများတွင် ဖော်ပြထားသည်။ မျက်စိမှာရေ၊ နားမှာဆီ၊ ဒန္တီမှာဆား၊ ဝမ်းမှာခါးဟူသော စာနှင့်အညီ ဆားအနည်းငယ်ကို ရေတွင်ဖျော်ပြီး အရည်ကြည်ကိုယူကာ မျက်စိတွင် ခတ်ပေးခြင်းဖြင့် မျက်သားအရောင်ကို ကျစေနိုင်သည်။ ဆားကိုဖျော်သော ရေသန့်ရမည်။ ဆူပြီးရေနွေးကို အအေးခံထားသောရေကျက်အေးနှင့်ဖျော်ခြင်းကသာ အကောင်းဆုံးဖြစ်သည် . . ."**

ယခုတစ်လော မျက်စိနာသူ အတော်များသည်။ မိုးရွာသောအခါ ကမ္ဘာမြေကြီးအတွင်းမှ အပူများသည် အငွေ့ပြန်၍ ထွက်လာသည်။ မိုးရေထဲတွင် သွားလာနေကြသူများသည် ခြေထောက်ရေစိုသဖြင့် အပူငွေ့အပေါ်တက်ကာ မျက်စိသို့ အခိုးရောက်ပြီး မျက်စိနာခြင်းဖြစ်သည်။

အနောက်တိုင်းအယူအဆမှာ မျက်စိနာခြင်းသည် ပိုးကြောင့်ဖြစ်သည်။ တိုင်းရင်းဆေးအယူအဆမှာ ခြေဖဝါးအအေးပတ်လျှင် အခိုးပိတ်ပြီး အထက်ဆန်သဖြင့် ခြေဖဝါးမှ ထွက်ရမည့်အခိုးအငွေ့များ မျက်စိမှ ကန်ထွက်ခြင်းကြောင့် မျက်စိသွေးကြောများနီရဲကာ မျက်စိနာရခြင်းဖြစ်လေသည်။

တိုင်းရင်းမြန်မာ အကြောပြင်ပညာအယူအဆတွင် မဏိဥက္ကပ်ခေါ် အကြောခွေသည် မျက်စိအတွင်း နှာခေါင်းရင်းဘက်တွင်ရှိပြီး ယင်းအကြောခွေတွင် မျက်ရည်ထွက်ပေါက်နှင့် အငွေ့ထွက်ပေါက်များ ရှိသည်။ အပူအခိုးကန်၍ ထွက်ပေါက်ပိတ်သွားသောအခါ မျက်စိအတွင်းမှ အကြောများရောင်ပြီး မျက်သားတက်ကာ မျက်စိနာရောဂါရရှိလေတော့သည်။

မျက်စိနာ ချောင်ပို့ဟူသော မြန်မာစကားရှိသည်။ အဓိပ္ပာယ်မှာ မျက်စိနာသူသည် မှောင်ရိပ်ကျသောချောင်တွင် နေရမည်။ အလင်းရောင်ကို မကြည့်ရ။ အလင်းတုံ့ပြန်သော နေရောင်၊ မီးရောင်များကို မကြည့်သင့်။ ယခုခေတ်ဆိုလျှင် တီဗွီ၊ ဇာတ်လမ်းများ ကြည့်ရှုခြင်းကို နားထားသင့်သည်။ အလင်းရောင်ကိုကာကွယ်သော နေကာမျက်မှန်တပ်ထားသင့်သည်။ မျက်စိကို အပြင်မှကြည့်လျှင် မမြင်ရသော နေကာမျက်မှန်မှာ အကောင်းဆုံးဖြစ်သည်ဟု မျက်စိဆရာဝန်ကြီးများက ပြောကြားထားသည်။

မျက်စိနာလျှင် မျက်စိအတွင်းရှိ သွေးကြောလေးများရောင်သဖြင့် နီရဲပြီး ယားယံခြင်း ဖြစ်တတ်သည်။ ယား၍ပွတ်မိလျှင် မျက်ကြည်လွှာ (အနက်ရောင်) ပျက်စီးတတ်သည်။ တစ်သျှူးစက္ကူဖြင့် ပွတ်ခြင်းလည်း မကောင်းပါ။ စက္ကူတွင် ကြမ်းရှသောမျက်နှာပြင်ရှိသည်။ အသားချောသော လက်ကိုင်ပဝါ၊ အမွေးပွသော မျက်နှာသုတ်ပဝါငယ်ဖြင့် အပေါ်မှအုပ်၍ တို့ပေးခြင်းသာ အကောင်းဆုံးဖြစ်သည်။ ဖြစ်နိုင်လျှင် ကြွေဇလုံတစ်ခုတွင် ရေနွေးအပူ ခွက်ဘူးငယ်တစ်လုံးစာထည့်ပါ။ ယင်းနောက် ဆားဇွန်းငယ်တစ်ဇွန်းထည့်ဖျော်ပါ။ ဆားခါးထည့်လျှင် ပို၍ကောင်းသည်။ ယင်းရေနွေးအတွင်းသို့ မျက်နှာသုတ်ပဝါငယ်ကိုထည့်စိမ်ကာ (ရေနွေးနွေးဖြစ်မှစိမ်ပါ) ယင်းတဘက်ကို ရေစင်အောင်ညှစ်ပြီး မျက်စိနာဖြစ်နေသော မျက်စိမျက်ခွံပေါ်မှ အုပ်ပေးပါ။ ခြောက်သွေ့သွားလျှင် တစ်ဖန်ဆားရည်နွေးဇလုံတွင် ပြန်စိမ်ပြီး ရေညှစ်ပါ။ မျက်စိအရောင်ကျသွားပါလိမ့်မည်။

ဆားရည်ကြည်သည် မျက်စိနှင့်သင့်ကြောင်း ရှေးက တိုင်းရင်းဆေးကျမ်းများတွင် ဖော်ပြထားသည်။ မျက်စိမှာရေ၊ နားမှာဆီ၊ ဒန္တီမှာဆား၊ ဝမ်းမှာခါးဟူသော စာနှင့်အညီ ဆားအနည်းငယ်ကို ရေတွင်ဖျော်ပြီး အရည်ကြည်ကိုယူကာ မျက်စိတွင် ခတ်ပေးခြင်းဖြင့် မျက်သားအရောင်ကို ကျစေနိုင်သည်။ ဆားကို ဖျော်သော ရေသန့်ရမည်။ ဆူပြီးရေနွေးကို အအေးခံထားသောရေကျက်အေးနှင့် ဖျော်ခြင်းကသာ အကောင်းဆုံးဖြစ်သည်။ ယခုခေတ် သောက်ရေသန့်ဘူးများတွင် အနည်ပါတတ်သဖြင့် စိတ်မချရပါ။ ဆူပွက်ပြီးသား ရေနွေး၏ ရေကျက်အေးကသာ စိတ်အချရဆုံးဖြစ်သည်။

လက်တွေ့တစ်နည်းမှာ ဆားအနည်းငယ်ကို ရေနွေးအဖြူဖြင့်ဖျော်ပြီး အအေးခံ၍ မျက်စိတစ်လုံးဝင်ဆံ့သည့် ကိုင်းခွက်ငယ်တွင်ထည့်ကာ ယင်းခွက်အတွင်းသို့ မျက်နှာအပ်၍ မျက်စိကို ဆားရည်အတွင်း ဖွင့်၊ ပိတ်၊ ဖွင့်၊ ပိတ်လုပ်ပေးခြင်းဖြစ်သည်။

ရှားစောင်းလက်ပပ်ပင်မှ ကျောက်ကျောကဲ့သို့အနှစ်ကိုခွဲယူပြီး အနေတော် အတုံးလေးများပြုလုပ်ကာ မျက်ခွံပေါ်အုပ်ထားပါက မျက်စိနာသက်သာစေသည်။

တခြားထူးခြားသောမျက်စဉ်းတစ်ခုမှာ မိခင်နို့ရည်ကို မျက်စဉ်းအဖြစ်ခတ်ခြင်းဖြစ်သည်။ ထိုနည်းမှာ နို့တိုက်နေသော မိခင်တစ်ဦးထံမှ နို့ရည်ကို လက်ဖက်ရည်ပန်းကန်ငယ်ဖြင့်ခံ၍ ညှစ်ယူပြီး မျက်စဉ်းခတ်ပိုက်ငယ် သို့မဟုတ် မင်စုပ်ပိုက်အသုံးပြု၍ နို့ရည်ကို မျက်စဉ်းခတ်ပေးခြင်းဖြစ်သည်။

မြန်မာ့ရိုးရာ အိမ်သုံးဆေးနည်းဖြစ်သည့် သနပ်ခါးမြစ်၊ မန်ကျည်းခေါက်၊ သီးခေါက်၊ ကျားမနိုင်မြစ်များကိုသွေးပြီး မျက်စိကွင်းပေးခြင်းဖြင့် မျက်လုံးအရောင်ကျစေနိုင်သည်။

တိုင်းရင်းဆေးအယူအဆတွင် ညှော်ကိုလည်း အဓိကထားသည်။ ငရုတ်သီးညှော်၊ အမှိုက်မီးရှို့သောအနံ့များ ရှူရှိုက်မိလျှင် မျက်စိနာကို ပိုဆိုးစေသဖြင့် သတိပြုရှောင်ကြဉ်သင့်သည်။ ထို့အတူ မီးခိုးငွေ့များရှိသောနေရာများသို့လည်း မသွားသင့်၊ မနေသင့်ပါ။ မီးခိုးငွေ့များ မျက်စိအတွင်းဝင်လျှင် မျက်စိအာရုံကြောများစပ်သဖြင့် အပိတ်၊ အဖွင့်များပြီး မျက်စိသူငယ်အိမ်ကို ပို၍ရောင်စေနိုင်သည်။

မျက်စိအထူးကုဆရာဝန်ကြီးများနှင့် ပြသခြင်းမဟုတ်ဘဲ မိမိသဘောဖြင့် ဆေးအရောင်းဆိုင်များမှ တွေ့ကရာမျက်စဉ်းများကို ဝယ်မခတ်သင့်ပါ။ မိမိနှင့် ဓာတ်မတည့်သောမျက်စဉ်းများကို မှားခတ်မိသဖြင့် မျက်စိကွယ်ရသူများရှိကြောင်း မျက်စိဆရာဝန်ကြီးများ ကိုယ်တိုင်ရေးသည်ကို ဖတ်ရှုရဖူးသည်။ ထို့အတူ တိုင်းရင်းဆေးဟုဆိုကာ မိုးရေတွင် သွပ်၊ ဒန်၊ ဆေးဒန်း၊ တခြားဆေးမြစ်များ စိမ်ထားသော မျက်စဉ်းဆေးများကို ခတ်မိသဖြင့် မျက်စိကွယ်ရသူများလည်း ရှိသည်။ တိုင်းရင်းဆေးဆိုတိုင်း အန္တရာယ်မရှိဟု မထင်ပါနှင့်။ ရောင်းတမ်းဆေးများကြောင့် အမှားများစွာတွေ့ကြုံရသဖြင့် တိုင်းရင်းဆေးပညာဦးစီးဌာန ဗဟိုဆေးဝါးကြီးကြပ်မှုအဖွဲ့မှစစ်ဆေးပြီး အန္တရာယ်ကင်းရှင်းကြောင်း အတည်ပြုထားသော ခွင့်ပြုချက်လိုင်စင် ယာယီမှတ်ပုံတင်နံပါတ်ပါရှိသော ဆေးဝါးများမှလွဲလျှင် ဝယ်ယူသုံးစွဲခြင်း မပြုပါနှင့်။

မျက်စိအဆုံး၊ နားအရှုံးဟု အဆိုရှိသဖြင့် မျက်စိကွယ်လျှင် အလွန်ကြီးသော ဆုံးရှုံးမှုကြီးဖြစ်ပါသည်။ သာမန်မျက်စိနာရာမှ ပေါ့ဆမှုကြောင့် မျက်စိကွယ်ရသည်အထိ မဖြစ်စေရန် -

- မျက်စိနာလျှင် အရမ်းမပွတ်ပါနှင့်။
- တွေ့ကရာမျက်စဉ်းများကို (ဆရာဝန်များ ညွှန်ကြားချက်မရှိဘဲ) မခတ်ပါနှင့်။
- ညှော်၊ မီးခိုးများကို ရှောင်ပါ။
- စူးရှသောနေရောင်၊ အလင်းရောင်တွင် မနေပါနှင့်။
- တီဗွီမကြည့်ပါနှင့်။ ကြည့်ချင်လျှင် နေကာမျက်မှန် အမည်းရောင်တပ်ကြည့်ပါ။
- အသီးအနှံ ပို၍စားပါ။ အသားစားခြင်းကို ရှောင်ပါ။ အသားစားလျှင် မျက်စိပို၍ ယားတတ်သည်။
- အပူအစပ်နှင့် မဆလာပါသောအစာများကို ရှောင်ပါ။ မျက်စိကို ရောင်စေပါသည်။
- နေအိမ်အပြင်ဘက် မထွက်ပါနှင့်။ ဆိုင်ကယ်မစီးပါနှင့်။ လေတိုက်လေတိုးလျှင် မျက်စိပို၍ရောင်တတ်သည်။
- ဆားရည်ကြည်ခတ်ခြင်း၊ ဆားရည်ငွေ့ပါသော တဘက်ငယ်ဖြင့် အုပ်ခြင်း ပြုလုပ်ပါ။

တစ်နေ့သုံးကြိမ်ခန့် ပြုလုပ်လျှင် လုံလောက်ပါသည်။ ။

ကြည်လွင်မြင့်(မုဒြာ)

# ညောင်ဦးမြို့နယ် နတ်သမီးကမ်းပါး သာယာဝတီသဘော်ဆိပ် ရောဝတီမြစ်အတွင်း ရေဘေးသဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းသရုပ်ပြ

ညောင်ဦး ဇွန် ၃၀

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် ခရိုင်/မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ ညောင်ဦးမြို့နယ် နတ်သမီးကမ်းပါး သာယာဝတီသဘော်ဆိပ် ရောဝတီမြစ်အတွင်း ရေဘေးသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်း သရုပ်ပြအခမ်းအနားကို ဇွန်လ ၃၀ ရက်တွင် ကျင်းပသည်။



အခမ်းအနားတွင် ညောင်ဦးခရိုင်/မြို့နယ် မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ လူမှုကူညီရေးအသင်းအဖွဲ့များက ရပ်ကွက်အတွင်းရှိ လှေ/သမ္ဗန်များ စုပေါင်း၍ ကယ်ထုတ်နိုင်ရေး လှေများစုဖွဲ့သွားရောက်ခြင်း၊ ရေဘေးသင့်ပြည်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်း၊ ရွှေ့ပြောင်းနေချိန်တွင် ဘေးသင့်၍ ရေစီးနှင့်အတူမျောပါလာသူကို အသက်ကယ်ဖောကွင်းများအသုံးပြု၍ ကယ်ဆယ်ခြင်း စသည်တို့ကို လက်တွေ့သရုပ်ပြပြီး ကယ်ဆယ်ရေးပစ္စည်းများနှင့် ရိက္ခာများ ပံ့ပိုးပေးအပ်သည်။

ထို့နောက် မီးသတ်ဦးစီးဌာနမှပြသထားသည့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး အထောက်အကူပြုပစ္စည်းများ၊ စက်ကိရိယာများ၊ မော်တော်ယာဉ်များနှင့် စက်ယန္တရားများကို လိုက်လံကြည့်ရှုကြသည်။

ဆက်လက်၍ ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်များတွေ့ကြုံလာပါက ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြင့် တုံ့ပြန်နိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းသည် အဓိကဆောင်ရွက်ရသည့်လုပ်ငန်းဖြစ်၍ ယခုကဲ့သို့ ရှာဖွေကယ်ဆယ်ရေးဇာတ်တိုက်လေ့ကျင့်မှုများကို စနစ်တကျလေ့ကျင့်ထားသင့်ကြောင်း၊ ရှာဖွေကယ်ဆယ်ရေးအထောက်အကူပြုပစ္စည်းများ၊ စက်ကိရိယာများနှင့် စက်ယန္တရားများကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်အသုံးပြုလာနိုင်သည်သာမက အရေးကြုံလာပါက စုပေါင်းညီညွတ်မှုအင်အားဖြင့် ထိရောက်သည့်တုံ့ပြန်ဆောင်ရွက်မှုများ ပေးစွမ်းနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် တာဝန်ရှိသူများက သာယာဝတီရပ် ဖောင်းတော်ပြင်ဓမ္မာရုံ၌ ရေဘေးကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ရေဘေးရှောင်အိမ်ထောင်စုနှင့် လူဦးရေစာရင်းရယူမှု၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုခဲ့ကာ ရေဘေးရှောင်ပြည်သူများအတွက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ပံ့ပိုးပေးအပ်မှုများကို ရေဘေးရှောင်ပြည်သူများထံ ပံ့ပိုးပေးအပ်၍ အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**ဒီပါလင်း**

# အမည်မည်းစာရင်းကြေညာခြင်း

၁။ နိုင်ငံတော်အတွင်းသို့ နိုင်ငံခြားသုံးငွေများ ဝင်ရောက်လာသည့် အဓိကလမ်းကြောင်းဖြစ်သော ပို့ကုန်တင်ပို့မှုမှ ရငွေများအပြည့်အဝရရှိရန်မှာ အဓိကကျသည့်အချက်ဖြစ်သဖြင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၃၈-ခ နှင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်း အပိုဒ်-၃၅၊ အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၂၃ တို့တွင် အာရှနိုင်ငံများသို့ တင်ပို့ခြင်းဖြစ်ပါက ပို့ကုန်တင်ပို့သည့်နေ့မှ (၃၀) ရက်အတွင်း၊ အာရှနိုင်ငံများမှအပ အခြားနိုင်ငံများသို့ တင်ပို့ခြင်းဖြစ်ပါက ပို့ကုန်တင်ပို့သည့်နေ့မှ (၆၀) ရက်အတွင်း ပို့ကုန်တင်ပို့သူ၏ မြန်မာနိုင်ငံအတွင်းရှိ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားငွေဖြင့် မပျက်မကွက် ထည့်သွင်းရန်ဖြစ်ကြောင်း ပြဋ္ဌာန်းသတ်မှတ်ထားပါသည်။

၂။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ (FEML) အခန်း (၁၁)၊ ပုဒ်မ ၃၈-ခ တွင် "မည်သူမျှ ပို့ကုန်ရငွေအားလုံးကို သတ်မှတ်ကာလအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် ထည့်သွင်းရန် ပျက်ကွက်ခြင်းမရှိစေရ" ဟုလည်းကောင်း၊ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက FEML ပုဒ်မ ၄၂-က အရ "ထိုသူကို တစ်နှစ်ထက်မပိုသည့် ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်"ဟုလည်းကောင်း ပြဋ္ဌာန်းထားပါသဖြင့် ပို့ကုန်တင်ပို့သူများအနေဖြင့် သတ်မှတ်ကာလအတွင်း ပို့ကုန်ရငွေများ ပြန်လည်ဝင်ရောက်ရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ပို့ကုန်တင်ပို့ခဲ့သည့် ပို့ကုန်လုပ်ငန်းရှင်များသည် ပို့ကုန်ရငွေများကို သတ်မှတ်ကာလအတွင်း ယင်း၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် မပျက်မကွက် ပြန်လည်ထည့်သွင်းစေရေးအတွက် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် AD လိုင်စင်ရဘဏ်များပူးပေါင်း၍ ဆက်သွယ်ခေါ်ယူစာရင်းရှင်းလင်းခဲ့ပြီးနောက် စာရင်းရှင်းလင်းခြင်းမရှိသည့် ကုမ္ပဏီများအား ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်ပိတ်သိမ်းခြင်းကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၄။ (၂၃-၆-၂၀၂၅) ရက်နေ့စိစစ်ချက်အရ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ပို့ကုန်တင်ပို့ခဲ့ပြီး ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ရန် ကျန်ရှိသည့် ပူးတွဲပါ ကုမ္ပဏီ (၁၉၇) ခုသည် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၊ စည်းမျဉ်း၊ အမိန့်ကြော်ငြာစာတို့ပါ သတ်မှတ်ချက်များအား လိုက်နာခြင်းမရှိသဖြင့် ကုမ္ပဏီနှင့် ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်များအား အမည်မည်းစာရင်းထည့်သွင်းကြောင်း ကြေညာပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(၂၇-၆-၂၀၂၅)

(ပူးတွဲ)

## ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ပို့ကုန်တင်ပို့ခဲ့ပြီး ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ခြင်းမရှိသည့် ကုမ္ပဏီများစာရင်း

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာအဖွဲ့ဝင်အမည် | ကုမ္ပဏီလိပ်စာ | နိုင်ငံသားစိစစ်ရေးကတ်မှတ် |
|---|---|---|---|---|
| ၁ | A N C TRADING COMPANY LIMITED | U Chit Hlaing | U Pho Kyar Street, No. (4/8), Merchant Kandaw Lay (SOUTH) Ward, Mingalar Taung Nyunt Township, Yangon | S/DGNM – 000376 |
| | | U Chit Swe | | S/DGNM-041949 |
| ၂ | AFA FAMILY COMPANY LIMITED. | U Kyaw Ko Ko Win | Min Ye Kyaw Swar Street, No. 1/27, Aung Thit Sar Quarter, Kalay Township Chin State | 3/MAWATA(N)073246 |
| | | Daw Aye Aye Myint | | 10/THAHTANA(N)101768 |
| | | Daw Sin Ti Ya So | | 3/MAWATA(N)073245 |
| ၃ | AMARA CHERRY COMPANY LIMITED. | Daw Nwet Nwet Yin | No. 46/47, Aung Theikdi, Ground Floor, 3 Quarter, Hor Kone Yat, Pyi Oo Lwin, Mandalay Maha Zaya Street, Building No. 8, First Floor, 7 Quarter, Pazudaung Township, Yangon | 5/MAYANA(N)012137 |
| | | U Tin Hla | | 5/MAYANA(N)014991 |
| | | U Win Thu | | 9/MAMANA(N)076509 |
| ၄ | ARNO (MYANMAR) COMPANY LIMITED. | Mr. Wang, Min-Hsieng | No. 84, Zhuanzuing; Madou Dist, Tainan City 72154, Taiwan | PP No. 305261733 |
| ၅ | ARYAKHA BYALA COMPANY LIMITED. | Daw Aye Aye Khin | Merchant Road, No.(504-506)(3-A) Ward No.7, Kyauktadar Township, Yangon | 11/MATANA(N)004567 |
| | | U Tun Thar Sein | | 11/SATANA(N)039883 |
| ၆ | ASAKURA MYANMAR TRADING COMPANY LIMITED. | Daw Nan Thu Zar Lin | Zayya 5th Street, No, 124(A), 10 Quarter, South Oakkalapa Township, Yangon | 3/BAAHNA(N)364814 |
| | | Mr. TAKAHIKO SUGIURA | | MZ1199820 |
| ၇ | ASIA WHALE TRAVELS & TOURS COMPANY LIMITED. | Daw May Than Htaik | No.(40), Ground Floor, 7th Street, Lanmadaw, Yangon | 14/MAAHPA(N)146950 |
| | | U Maung Maung Lay @ U Maung Hla | | 6/MAAHYA(N)087195 |
| | | U Zaw Win Ko | | 6/MAAHYA(N)084272 |
| ၈ | ASPEN INTERNATIONAL CO.,LTD. | U Tun Wai | Myo Thit Street 1, Building No. 39, Room No. 6(B), Kyauk-Myaung East Ward, Tamwe Township, Yangon Set-Hmu Zone Lane 1, No.87,90,91 NGA/11 Ward, Thar-Du-Kan, Shwepyithar Township, Yangon | 9/MANALA(N)049154 |
| | | U Yan Nyein | | 7/THAWATA(N)010311 |
| ၉ | ASPIRE TRADING COMPANY LIMITED. | U Thi Ha Kyaw | Seikkantha Street, 3 A Merchant road, No. 512, Thayapi Condo, Pansodan, Yangon | 13/NAKHANA(N)046116 |
| ၁၀ | AUNG KHANT MYAT COMPANY LIMITED. | U Aung Zaw Lin | No.(367), Thiri Street, (3) Ward, Dagon Myo Thit(Eastern) Township, Yangon | 14/MAAHPA(N)193962 |
| | | U San Lin Aung | | 12/DAGAYA(N)018784 |
| | | Daw Pa Pa Khine | | - |
| ၁၁ | AUNG NAY LIN HTUN CO., LTD | U Aung Ko Latt | 168/1, Myin Thar 10th Street, 14/1 Quarter, South Oakkalapa Township, Yangon | 12/TAMANA(N)002893 |
| | | Daw Lay Lay Myint | | 12/THAMANA(N)002894 |
| | | U Ngwe Tun | | 12/OUKATA(N)000677 |
| ၁၂ | AUSTINPLY MYANMAR PRIVATE LTD. | JAI PRAKASH BHARTIA | Thukhitar Street, No. (60,61,62,69,70 &71), Dagon seikkan Industrial Zone(2), Dagon Seikkan Township, Yangon | Z2616001 |
| | | SIDDHARTH AGARWAL | | R4393184 |
| | | SURENDRA KUMAR AGARWAL | | Z3375615 |
| | | TANU MERH DHAR @ TANU MERH | | E5364936H |
| ၁၃ | AYE THUKHA COMPANY LIMITED. | Daw Khin Moe Moe Aye | Gandamar Street, No. 21 (A), 4th Floor, Sanchaung Township, Yangon | 11/TAKANA(N)074692 |
| | | Daw Khin Thidar Moe | | 11/TAKANA(N)081060 |
| ၁၄ | B B HEIN COMPANY LIMITED. | Daw Phyo Thandar Aye | South Dagon Industrial Zone(2), Pyidaungsu Street, Room (001/101) Block B, Myanmar Ahla Housing, (64) Ward, South Dagon Township, Yangon | 14/MAMANA(N)202786 |
| ၁၅ | BAMBOO SHADE FAMILY COMPANY LIMITED. | Daw Than Kyi | Htar Nar Street, No (60+65), Between of (73 x 75) Street, Zamyinzwe Ward, (Gagyi-60) Pyi Gyi Tagon Township, Mandalay | 12/LAMANA(N)009419 |
| ၁၆ | BANSAL OVERSEAS LIMITED. | Mr. VIRENDER KUMAR | Plot No. 45/46, Myay Tiaing Block, Industrial Zone 3, Hlain Thar Yar Township, Yangon | K3360555 |
| | | Mr. VINEET KYMAR JAIN | | N8717990 |
| ၁၇ | BHONE MYAT HAN COMPANY LIMITED. | U Yi Kyaw | No. 346, Ward 136, Han Lin Street, East Dagon Township, Yangon | 13/NAHSANA(N)011273 |
| ၁၈ | BIOPRO(MYANMAR) COMPANY LIMITED | U AUNG KHIN SINT | WATT KYAUNG STREET, NO.35 WARD NO.2, BOTATAUNG TOWNSHIP, YANGON REGION | 12/BATAHTA(N)035937 |
| | | U KYI PHWA AUNG | | 12/BATAHTA(N)047528 |
| | | Daw NI NI KHIN | | 12/BATAHTA(N)004588 |
| | | U SOE MYINT | | 12/BATAHTA(N)027910 |
| | | Daw WIN HTET HTET SOE MYINT | | 12/BATAHTA(N)039984 |
| ၁၉ | BLUE STAR INTERNA-TIONAL SEAFOOD CO., LTD | U Maung Kyar Yaw | No.19, Thu Kha Street, Kyan Khin Su Mingalardon Township, Yangon | 13/LAYANA(N)168226 |
| ၂၀ | C&P COMPANY LIMITED. | Mr. CHALOR CHANVROJ | Kyauk Lone Gyi Livestock Zone (3) Street, No(4) Quarter, Myawaddy Township, Kayin State | AA4778812 |
| | | U Saw Thura Kyaw | | 3/MAWATA(N)054075 |
| | | U Kyaw Kyaw Htoo | | 3/MAWATA(N)079591 |
| ၂၁ | CENTURYPLY MYANMAR PRIVATE LIMITED. | Mr.GAURAV SATNALIWALA | Padauk Yeik Nyein Road, 1/13(4th) Floor, Mayangone, Yangon | Z4913321 |
| | | Mr. DANIEL PASCAL RUNSER | | X7174183 |
| ၂၂ | CHENGFANG COMPANY LIMITED. | Daw Aye Aye War | Air Prot Yeik Thar (1st) Street, No. (16/E) Saw Bwar Gyi Gone Quarter, Insein Township, Yangon | 12/TATANA(N)237615 |
| | | Daw Htike Htike San | | 12/TATANA(N)253248 |
| ၂၃ | CHERRY POWER COMPANY LIMITED. | U Aung Thein | Ngu War Street, No. (97), Htar Nar Quarter, Ahlone Township, Yangon | 12/AHLANA(N)037487 |
| | | Daw Soe Soe Khine | | 12/AHLANA(N)028721 |
| ၂၄ | CHINA INTERNATIONAL FORESTRY GROUP CORP LTD | U Chit Ko Ko | Room 2, Building E, 21 ST Floor, Pearl Condo, Bahan Township, Yangon | 7/WAMANA(N)144672 |
| ၂၅ | CHIT LINN MYAING TOYOTA COMAPNY LIMITED. | U Htike Maung | Bogyoke Street, No (47), (9) Quarter, HPAAN Township, Kayin State | 3/BAAHNA(N)188030 |
| | | Daw Nan Hnin Nandar Aye | | 3/BAABNA(N)323011 |
| | | U San Myint | | 3/LABANA(N)069004 |
| | | U Saw Chit Chit | | 3/BAAHNA(N)323010 |
| | | U Saw Htoo EH Moo | | 3/LABANA(N)113146 |
| | | U Saw Minn Minn Oo | | 3/BAAHNA(N)259667 |
| ၂၆ | CHIT THAE TONE FAMILY COMPANY LIMITED. | Daw Khaing May Mi Naing | (105), Shwe Naung Bin Street, Mine Yu Village, Muse Township, Shan State | 13/KAMANA(N)133348 |
| | | Daw May Thu | | 13/KAMANA(N)092143 |
| | | U Nyi Nyi Naing | | 13/KAMANA(N)082659 |
| | | U Soe Nyi Zin | | 13/KAMANA(N)120398 |
| ၂၇ | CLAYCRETE MYANMAR COMPANY LIMITED. | Mr. Kim Won Chul | Zarga (22) Street, No(622/A), (3) Floor, (4) Quarter, South Okkalapa Township, Yangon | M23816058 |
| | | U Ye Lin Ko Ko | | 14/HATHATA(N)043067 |
| | | Mr. Yoon Kilro | | M84021361 |
| ၂၈ | COCOGUY INTERNATIONAL COMPANY LIMITED. | Mr. Ho Kwong Kee | Mingalar Street, No. 707, 12 Wards, South Okkalapa Township, Yangon | K02006540 |
| | | Mr. Ho Cheuk Yan | | KJ0133200 |
| | | Mr. Ho Ka Wing | | KJ0275900 |
| ၂၉ | DA QIAN WOODS PRODUCTION COMPANY LIMITED. | U Yan Naing | No. 19/B, O.S.S. Tu Myaung Ywar Ma, Tu Myaung Village Group, Ye Township, Mon State | 13/TAYANA(N)057846 |
| | | Mr. Zheng Yongqiang | | E24470787 |
| ၃၀ | DANA SUYAR COMPANY LIMITED. | U Hla Win | No.97, Padauk (2) Street, (1) Ward, Hlaingtharyar Township, Yangon | 7/MALANA(N)090651 |
| ၃၁ | DAWNA ALIN COMPANY LIMITED. | U Saw Thike Tun Aung | Tatanku Quint, ASIA Highway, No(145), Kawkareik Township, Kayin State Roon (002), Building No (3), Ground Floor, Mahar Bandula Housing, South Dagon Township, Yangon | 3/MAWATA(N)056189 |
| | | U Aung Thura Min | | 10/THAHTANA(N)158459 |
| ၃၂ | DE'' LUXURY PAINT IMPORT EXPORT COMPANY LIMITED. | Mr. An Kimkong | Hnin Si Street, No. (87), Thuwana VIP(3), Thingangyun Township, Yangon | N00461644 |
| ၃၃ | DECEMBER MOE COMPANY LIMITED. | Daw Win Pa Pa Kyaw | Sal Myaung Kyaung Street, Oak Thar Myothit Ward, Bago Township, Bago | 1/MANYANA(N)155514 |
| | | U Aung Kyaw Moe | | 9/MAHTALA(N)221936 |
| ၃၄ | DRAGON KIND INTERNATIONAL TRADING COMPANY LIMITED. | Daw Chin Zar Chi Kyaw | Thant Sin Street, 21 A, Aung Thu Kha Ward, Thanlyin Township, Yangon | 13/KALANA(N)094371 |
| ၃၅ | ENVIRO A ONE INDUS-TRIAL COMPANY LIMITED. | Mr. Mohamad Ismail Bin Ibrahim | 4 Than Chet Wun U My Road, East Dagon Industrial Zone, East Dagon Township, Yangon | E5607125A |
| | | Mr. Sim Kwang Wee | | E6767093L |
| | | Mr. Soh Chin Lian | | E4731040E |
| | | Mrs. Eliza Yukiko Wong | | E4648061K |
| | | Mrs. Liu Young Qing, Renee @ Thida | | E5449339F |
| ၃၆ | EU-TREND INTERNATIONAL COMPANY LIMITED | Daw Nant Mee Nge | No. 206/207, Kanaung Min Thar Gyi Street, Shwe Pauk Kan Industrial Zone, North Okkalapa Township, Yangon | 14/MAMANA(N)292279 |
| | | Daw Nyein Su Thwe | | 12/TAGAKA(N)192552 |
| ၃၇ | EVER RICH MOUNTAIN CO.,LTD. | Daw Ni Ni Win | Kabaraye Pagoda Road, No. 22C, Bahan Township, Yangon | 14/BAKALA(N)185122 |
| ၃၈ | FARMER ROAST (MYANMAR) CO., LTD | Daw Cho Mar Aung | Chaung Saut Myaing-Ywarngan Township, Shan State Seik Ta Thu Kha Street, No.(8), (7) Quarter, Hlaing Township, Yangon " | 13/NGAYANA(N)103255 |
| | | U Shwe | | 13/NGAYANA(N)034106 |
| ၃၉ | FAST PACES COMPANY LIMITED. | Daw Wint Thandar Moe | No.(797), Thirizayar Street, (5)Quarter, Hlaing Tharyar Township, Yangon | 12/AHSANA(N)214826 |
| | | U Yel Zar Htike | | 14/AHGAPA(N)171635 |

စာမျက်နှာ ၁၀ သို့

❒ စာမျက်နှာ ၉ မှအဆက်

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာ အဖွဲ့ဝင်အမည် | ကုမ္ပဏီလိပ်စာ | နိုင်ငံသား စိစစ်ရေးကတ်မှတ် |
|---|---|---|---|---|
| ၄၀ | FATEMA TRADING COMPANY LIMITED. | U Mohammed Raffi<br>Daw Aisha Bi | No.(307), (7) Floor, 41 & 42 Maharbandula Street, Botahtaung Township, Yangon | KTDA-009106<br>12/KATATA(N)020854 |
| ၄၁ | FUKUYAMA COMPANY LIMITED. | U Kyaw Win Tun<br>Daw Kyawt K Khaing | No.(111), Layhtaungkan Road, Tamwe Lay Quarter, Tamwe Township, Yangon | 12/TAMANA(N)003254<br>12/OUKATA(N)161445 |
| ၄၂ | FULLTEX COMPANY LIMITED. | Mr. Lam Lap Tin<br>Mr. Shiu Chi Fai<br>Mrs. Yick Lai Sing Annie<br>Daw Tin Oo Hlaing | Hpa-An, Hlaing Bwe Road, Plot No. (4, 5,27,40), Block No. (1098/KA), Hpa-An Industrial Zone(1), Hpa-An Township, Kayin State | HJ2092685<br>KO4543278<br>KO3215056<br>7/PATATA(N)053427 |
| ၄၃ | GALAXY-7 TRADING COMPANY LIMITED. | Daw Ei Zar Phyo<br>Daw Su Su Mar<br>U Pramod Kumar<br>U Tin Maung Lwin<br>U Win Aung | U Phay Thin Street, No.8, (KHA) Ward, Thingangyun Township, Yangon | 8/PAKHAKA(N)274476<br>12/THAGAKA(PYU)003335<br>7/PHAMANA(N)174918<br>9/PAMANA(N)014629<br>7/TANGANA(N)092749 |
| ၄၄ | G-COS LIMITED. | Daw Moe Moe Myint<br>U Ko Ko Aung | Shwe Hinthar 1ST Street, No. (1343/A), (20) Ward, Dagon Myothit (South) Township, Yangon | 12/MAGATA(N)094025<br>12/DAGAYA(PYU)000491 |
| ၄၅ | GILGAL OVERSEAS COMPANY LTD. | Mr. Carter Sesu Michael<br>Daw Naw Precious Joy | Kyaik Kuauk Pagoda Road, Room No. 916, Building A3, STAR City, Thanlyin Township, Yangon | Z3107875<br>12/AHSANA(N)182584 |
| ၄၆ | GLOBAL BRIDGE GROUP COMPANY LIMITED. | Nay Ni Myint<br>Daw Yang Min Song<br>Daw Yone Yone | No.(2), Waizaiyada Road, 4 (B), Thingankyun, Yangon<br>Upper Baho Street, Building D, Room 609, 6 Floor, Mayangone, yangon | 13/TAKANA(N)168888<br>1/WAMANA(PYU)000270<br>13/TAKANA(N)168178 |
| ၄၇ | GLOBAL GARUDA COMPANY LIMITED | U Aung Naing Oo<br>Daw Thwe Thwe Aung | 36 Street, Between (77x78) ST, No-133, Maha Aung Myay TSP, Mandalay | 9/MAHAMA(N)009669<br>9/PAOULA(N)001602 |
| ၄၈ | GLOBAL GEO INDUSTRY AND MINING CO., LTD. | Daw Moon December<br>U Hla Htwe<br>U Tay Zar Win Tun | 7, No. (65-66), Industrial Zone(1), Loikaw, Kayah | 2/LAKANA(N)067727<br>8/NAMANA(N)122472<br>12/OUKATA(N)150268 |
| ၄၉ | GLOBAL STEEL MYANMAR COMPANY LIMITED | Mr. Li Wu<br>Mr. Tsai Chi Fu<br>Mr. Zhang Wenchuan<br>Mr. Wang Zhenjie | R.(6) Street, No. (269), Mingaladone Garden City, Mingalardone Township, Yangon | E84011080<br>308682711<br>E68838585<br>EA4226889 |
| ၅၀ | GLORY RADICAL TRADING COMPANY LIMITED. | Daw Nang Aye Wah<br>U Tang Seng | Conner of Sit Taung Street and Ma Li Hka Street, No. 101, Hlaing Thar Yar Township, Yangon | 13/THAPANA(N)029327<br>1/THANANA(N)012404 |
| ၅၁ | GOLDEN BATTERY RECYCLING COMPANY LIMITED. | U Zaw Lin Tun<br>U Tun Tun Mon | No. A-1, Room (701), Bahtoo Street, North Dagon Myothit Township, Yangon | 10/LAMANA(N)008174<br>10/YAMANA(N)153643 |
| ၅၂ | GOOD JOB COMPANY LIMITED. | Daw Win Win Thein<br>U Kyan Kyar Roi<br>U Kyaw Thet Htun<br>U Thein Kyaw Hlaing<br>U Thet Tin Aung Win<br>U Win Soe Oo | Shwe Oat Gu (5) Road, No (27), Room No. (004), Kamarkyi Housing, (8) Quarter, Tharkayta Township, Yangon | 9/KHAAHZA(N)021791<br>1/MAKANA(PYU)000337<br>9/AHMAZA(N)012341<br>11/PATANA(N)131638<br>3/BAAHNA(N)165694<br>7/PAKHANA(N)290131 |
| ၅၃ | GREAT JOY COMPANY LIMITED. | Daw Su Su Aye | 34 Street, Upper Block, No. 177, 5th Floor, Shwe Ou Dawn Min Condo, Kyauktatar Township, Yangon | 11/TAKANA(N)107486 |
| ၅၄ | GREAT MOUNT SILVER TRADING COMPANY LIMITED. | U Zaw Min Tun | No.94, 37th Street (Middle), Ground Floor, 5 Ward, Kyauktada Township, Yangon | 12/AHSANA(N)158100 |
| ၅၅ | GREEN ELEPHANT HOUSE CO., LTD. | Daw Khyn Hla Hla Aung | Orchid Garden Lane 2, O 108, FMI Housing Estate Hlaing Thar Yar Township, Yangon | 12/KAMAYA(N)050263 |
| ၅၆ | GREEN MAST TRADING CO., LTD. | Daw Khin Su Su Htwe<br>Daw Khin Than Myint<br>Daw Khin Than Saw<br>U Soe Aung | No(1572), May Kha Road, (63) Quarter, Industry Zone (2), South Dagon Township, Yangon | 9/KAMANA(N)097283<br>9/KAMANA(N)081025<br>9/KAMANA(N)072845<br>9/MAKANA(N)008779 |
| ၅၇ | HAY SHAN SMILE COMPANY LIMITED. | U Kyi Min<br>Daw Win Win Maw | No.(115), 92 Street, Kan Shae Ward, Mingalar Taung Nyunt Township, Yangon | 12/KAMANA(N)099792<br>12/KAHKAKA(N)060953 |
| ၅၈ | HENG SHENG YE JIN COMPANY LIMITED. | Mr. Man Shenqiang<br>Mr. Wang Yi Bing<br>U Sai Won Kyauk | Building No(15), Room No. (9), Sabal Street, Thar Yar Gone Ward, Mingalar Taung Nyunt Township, Yangon | E13374261<br>G57634512<br>13/KATANA(N)003667 |
| ၅၉ | HI TOP MIRAMAR COMPANY LIMITED. | | | |
| ၆၀ | HNIN HAY MARN COMPANY LIMITED | U Min Naing Oo | No. 30, Myawaddy Asia Road, Thin Gan Nyi Naung, Ywar Thit Village, Myawaddy,Kayin State | 7/PHAMANA(N)110059 |
| ၆၁ | HUA SU COMPANY LIMITED | U Tun Lin | Industry (2) Street, No. (95/96), Myanugtagar Industrial, Hmawbi Township, Yangon | 13/MANANA(N)037375 |
| ၆၂ | IMX MYANMAR COMPANY LIMITED. | Daw Phyo Phyo Khine<br>U Thura Kyaw | Bo Oaktama Street, No. 502, No.2 (KH) Ward, Mingaladon Township, Yangon | 1/MAKATA(N)118368<br>5/BATALA(N)052824 |
| ၆၃ | INTERUNION MYANMAR CO., LTD. | Ms. GENEVIEVE LIM POH LEE<br>Daw Phyu Thin Ei<br>U Thura Tun | Alanpya Pagoda Road, 103, Laypyaywun Plaza Dagon, Yangon<br>Zawtika Street,18 Myaynigone, Sanchaung Yangon | E5955550J<br>9/MAKANA(N)099997<br>12/KAMAYA(N)031270 |
| ၆၄ | JAE TONG INTERNA-TIONAL LOGISTICS COMPANY LIMITED. | Daw Naw Eha Thi Phaw<br>U Lauk Tar @ Aung Khant | Shwe Tharaphi (3) Street, No.(H/98), (5) Ward, Hlaing Thar Yar TSP, Yangon | 14/MAAHPA(N)297943<br>13/LAYANA(N)191929 |
| ၆၅ | JAI RUI GARMENT COMPANY LIMITED | U Kyee Fa @ U Aung Naing Win<br>U Kyee Swe @ Ye Aung | Ngwe Sin Housing, No.96, Kaung Mu Tone Wuarter, Muse Township, Shan State | 12/KAMATA(N)065933<br>13/MAHSATA(N)041459 |
| ၆၆ | JU XIAN COMPANY LIMITED. | U Aik Chwan<br>Daw Aye Shwe | No.63, (3) Street, Zayar Mon Ward, Kyeikehto Township, Mon State | 13/MAMATA(PYU)001070<br>13/NAMATA(N)058168 |
| ၆၇ | JULY KO KO TRADING CO.,LTD. | U Tun Lin Aung<br>U Zaw Myo Aung | Thukha Street, No. 214, 24 Ward, South Dagon Township, Yangon | 9/MAHTALA(N)004353<br>12/DAGATA(N)062929 |
| ၆၈ | KANAUNG SCIENTIFIC (KSFE) COMPANY LIMITED. | Daw Moh Moh Ei Swe<br>U Lin Win Thein<br>U Thura Kyaw | Thumingalar Road, RM(201), 2nd Floor, Building 521(A+B), Shwe Naing Ngan Thit Mini Condo, South Oakkalar Township, Yangon | 12/HTATAPA(N)079473<br>13/NYAYANA(N)087975<br>12/MAYAKA(N)111971 |
| ၆၉ | KO HTET EXPORT IMPORT COMPANY LIMITED | U Thet Naung Tun<br>U Zaw Zaw Aung | (54) Street, No(448), 4th Floor, Botahtaung Township, Yangon | 12/OUKATA(N)190447<br>12/OUKATA(N)153775 |
| ၇၀ | KYEL SIN KHA COMPANY LIMITED. | U Aung Moe | Aung Theikdi Street, No. (40/KA), TA/15 Ward, Shwe Pyi Thar Township, Yangon | 12/LAMANA(N)009853 |
| ၇၁ | KY-THA INDUSTRIAL DEVELOPMENT COMPANY LIMITED. | Daw Mar Lar<br>U San Tun | Bayintnaung Road, No.7, 14 Quarter, Hlaing Township, Yangon | 12/KAMAYA(N)006572<br>12/SAKHANA(N)048999 |
| ၇၂ | LASHIO GREEN LEAF COMPANY LIMITED. | U Aung Than Zaw<br>U Hsan Maung | Anawyahta Street, No-22, Block 2, 27 Ward, North Dagon TSP, Yangon | 12/TAKANA(N)200920<br>13/LAYANA(N)187754 |
| ၇၃ | LIFE M.M.K COMPANY LIMITED. | U Sa Min Aung<br>U Myint Aung<br>U Kyaw Win | No. (112/2), 29th Street, Latepyarkan Yonegyi Ward, Bago | 14/MAMANA(N)231673<br>12/KHAYANA(N)107882<br>12/MAGATA(N)079450 |
| ၇၄ | LINEAGE POWER (MYANMAR) LIMITED. | Mr. VIJU VARGHESE VARGHESE<br>Mr. MURALIDHAR ARUMALLA<br>Ms. PADMA VENUGOPAL MADDISETTY<br>Mr. VENUGOPAL RAO MADDISETTY | Yadanar Road, No. 23/B, 14th Ward, Yankin Township, Yangon | Z5126506<br>Y6329904<br>N5145213<br>Z4515860 |
| ၇၅ | LINFRA LIMITED. | Mr. GABRIEL BOU GEBRAEL<br>Mr. MOHAMAD KHALED EL HAFFAR EL HABBAL<br>Daw Tin Wint Wint Lwin | 35th Street, No. 162, No. 2 Quarter, Kyauktada Township, Yangon | RL3511732<br>LR0349166<br>12/YAKANA(N)020271 |
| ၇၆ | LINN WAI YAN COMPANY LIMITED. | U Khin Maung Oo<br>U Lin Htut Ko<br>Daw San San Htay<br>U Saw Lwin | Botahtaung Zay Road, No(195), 6th Floor, Pazuntaung Township, Yangon | 12/BAHANA(N)090127<br>12/PAZATA(N)040055<br>12/PAZATA(N)040037<br>12/PAZATA(N)040103 |
| ၇၇ | LONG HENG (MYANMAR) MANUFACTURING COMPANY LIMITED. | Mr. HONG ZHENMEI<br>Mr. LIN SHANGZENG<br>Mr. LIN ZHONGMAN | Myay Taing Block No. 144, Plot No.5 , South Dagon Myo Thit Township, Yangon | EH4770173<br>G52498321<br>E60974095 |
| ၇၈ | LUCKY PARTNERS COMPANY LIMITED. | U Myint Zaw | No. (A/1), Shwe Myawaddy Street, Beside of New Myawaddy Market, Myawaddy Township, Kayin State | MGK-086018 |
| ၇၉ | LUCKY WIN COMPANY LIMITED. | U Nay Win Shein<br>U Kyaw Myo<br>Daw Yin Yin Win | Nant Phone Maw Street, Nant Phone Maw Quarter, Honmalin Township, Sagaing | 5/SAKANA(N)271640<br>5/HAMALA(N)067254<br>5/HAMALA(N)064441 |
| ၈၀ | M M N SHIPPING & SERVICES COMPANY LIMITED. | Daw Hnin Mar Lar<br>U Maung Maung | 122 Street, No.21, Third Floor, Mingalar Taung Nyunt, Yangon | 12/MAGATA(N)066130<br>12/KATATA(N)003209 |
| ၈၁ | M2M MARKETING (MYANMAR)CO.,LTD. | Mr. PRINRAPHEE AKSORNKOSIN<br>U Win Khine | No.9(P), Kyuan Tar (East) Village Group, Mudon Township, Mon State | AA7291547<br>10/MADANA(N)196482 |
| ၈၂ | MAJESTIC GLORY CO.,LTD. | | | |
| ၈၃ | MAL MA DI KO COMPANY LTD. | Daw Hay Mar Win<br>U Kyaw Win @ Shaw Phe Raman | 87 Street, Ma(9),(6) Floor, Kan(West) Quarter, Mingalartaungnyunt Township, Yangon | 12/NYALAPA(N)230077<br>12/MAGATA(N)118078 |
| ၈၄ | MANDALAY DA ZHONG COMPANY LIMITED. | Mr. MA RONGFU | Nanage/4-74, 41x42 STR, 62x63 STR, Maharmyaing 2 QTR, Maharaungyay Township, Mandalay | E92386267 |
| ၈၅ | MANDALAY LONGYEAR SHOES COMPANY LIMITED. | Mr. Fu KunYuan<br>Mr. OU QIANG<br>Mr. ROGER BOPPART<br>Mr. ZHANG ZAIJUN | Factory Zone, Phase 1A, Block (A), Plot No. F-D1-4, Myotha Industrial Park, Ngazun Township, Mandalay | ED2724508<br>E46527224<br>X3801140<br>EE2038373 |
| ၈၆ | MAW BEAUTIFUL LAND CO.,LTD. | U Aung Aung Htwe<br>U Min Zaw Thein | No. (1/C), Pyilhtung Su Street, Mineyu (105) Mile, Muse Township, Shan (North) | 9/MAYATA(N)001885<br>12/YAKANA(N)073640 |
| ၈၇ | MAY TRADING YANGON COMPANY LIMITED | U Aung Naing Soe<br>U Hla Win<br>U Tin Win | No. (209), First Floor, 39th Street, Middle Block, Kyauktada Township, Yangon | 12/DAGATA(N)122765<br>12/DAGATA(N)132028<br>12/DAGATA(N)132025 |
| ၈၈ | MEGA A 99 COMPANY LIMITED | U Aye Tun<br>U Kaung Myat Tun<br>U Kaung Set Tun | No. 163, 3rd Floor, 101 Street, Phot Myay Quarter,Mingalar Taung Nyunt Township, Yangon | 12/THAGAKA(N)160231<br>12/MAGATA(N)104391<br>12/MAGATA(N)104392 |
| ၈၉ | MOE HAN OO TRADING CO.,LTD. | Daw May Myint Khine<br>U Aung Myint@ Moha-med Mustafa | Dhamar Yong (1) Street, No.90-A (13) Quarter,Yankin Township, Yangon | 12/TAMANA(N)105609<br>12/TAMANA(N)012373 |
| ၉၀ | MOE MYINT YAN COM-PANY LIMITED. | Daw War War Tun<br>Naw Roser<br>U A Druck<br>U Moe Myint | Thiri Myaing (3) Street, No.(6-A),Ground Floor, No.(13) Quarter, Hlaing Township, Yangon | 8/YANAKHA(N)077576<br>13/THAPANA(N)039433<br>2/DAMANA(N)008556<br>12/LAMANA(N)136293 |
| ၉၁ | MOUNT VEBHARA TRADING COMPANY LIMITED. | Daw Thida Aye<br>Daw Yin Yin Win | Building 239, Room No.3, Sein Pan Myaing Street, 25-Ward, Thuwunna, Thingangyun T/S, Yangon | 12/Tha Ga Ka (N)083018<br>12/Ta Ta Na (N)223184 |
| ၉၂ | MPTK COMPANY LIMITED. | MR. PHAKORN KOSONSITTIWIT<br>MR. THANAKRIT KOSONSITTIWIT | No.6(3B), 149 TH Street, Pyar Yay Goe Quarter, Tamwe Township, Yangon | AA 8766410<br>AA 7556400 |

ဆက်လက်ဖော်ပြပါမည်။

# စစ်ကိုင်းမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်းဖွင့်လှစ်



မုံရွာ ဇွန် ၃၀

မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်းဖွင့်ပွဲနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်(၇၀၀)ပြည်သူ့အားကစားကွင်းအတွင်းရှိ အားကစားခန်းမ၌ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်သိန်းနှင့်တာဝန်ရှိသူများက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပသွားမည့် အခြေအနေနှင့် MEVM စက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တက်ရောက်လာသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးနေမှုများကို ကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# ဘားအံမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ရှင်းလင်းသရုပ်ပြစမ်းသပ်မဲပေးခြင်းနှင့် နည်းပြဆရာဖြစ်သင်တန်းဖွင့်

ဘားအံ ဇွန် ၃၀

ကျင်းပရန်ရှိသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)နှင့်စပ်လျဉ်း၍ ရှင်းလင်းသရုပ်ပြစမ်းသပ်မဲပေးခြင်းနှင့်နည်းပြဆရာဖြစ်သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်ဦးခင်မောင်ဦးနှင့်တာဝန်ရှိသူများက MEVM စက်ပိုင်းဆိုင်ရာနှင့်မဲပေးစက်အသုံးပြုခြင်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဖြင့် လက်တွေ့စမ်းသပ်မဲပေးကြကာ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) နည်းပြဆရာဖြစ်သင်တန်းကို ဖွင့်လှစ်ပေးသည်။

မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) နည်းပြဆရာဖြစ်သင်တန်းကို ဇွန်လ ၃၀ ရက်မှ ဇူလိုင်လ ၂ ရက်ထိ ဘားအံမြို့ ဇွဲကပင်ခန်းမ၌ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၆၉ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

## ထူးခြားသည့်နေ့အပူချိန်များ

၃၀-၆-၂၀၂၅

| | | | | |
|---|---|---|---|---|
| ချောက် | ၃၇ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| တံတားဦး | ၃၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| (လေကြောင်းမိုးလေဝသ) | | | | |
| မန္တလေး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၃၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| မုံရွာ | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |

# ရှမ်းပြည်နယ်(တောင်ပိုင်း) အခြေခံပညာကျောင်းများ၌ အခြေခံပညာရေးဆိုင်ရာလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင် ဆွေးနွေးမှာကြား

တောင်ကြီး ဇွန် ၃၀

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်သည် ရှမ်းပြည်နယ်သယံဇာတရေးရာဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့နယ်ရှိ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်းနှင့်အခြေခံပညာမူလတန်းကျောင်း၊ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းတို့၌ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ကျောင်းစာကြည့်တိုက်များအတွင်း အကျိုးပြုစာပေကောင်းများ သုတရသစာအုပ်ကောင်းများထားရှိရေး၊ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ သင်ကြားသင်ယူမှုဆိုင်ရာအစီအစဉ်များ ထိရောက်ကောင်းမွန်ရေးတို့အတွက် သက်ဆိုင်ရာကျောင်း၊ မြို့နယ်၊ ခရိုင်နှင့် ပြည်နယ်ပညာရေးမှူးရုံးများက ဖြည့်ဆည်းဆောင်ရွက်ပေးရေးတို့ကို ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တောင်ကြီးမြို့နယ်ရှိ အမှတ်(၂၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းတို့ကို လှည့်လည်ကြည့်ရှုပြီး ပညာရေးဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စာသင်ကျောင်းများနှင့် အဆင့်ဆင့်စီမံခန့်ခွဲနေသောပညာရေးမှူးရုံးများက အချိတ်အဆက်မိမိ ဆောင်ရွက်သွားကြရန်နှင့် ကြုံတွေ့ရသည့် အခက်အခဲများကိုလည်း တာဝန်ရှိသူများထံ တင်ပြဆောင်ရွက်သွားရန်မှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ



# အင်းစိန်ဂျီတီအိုင်၌ EV နည်းပညာ အသိပညာပေးဆွေးနွေးပွဲ (၂/၂၀၂၅) ကျင်းပ



နေပြည်တော် ဇွန် ၃၀

EV နည်းပညာဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ (၂/၂၀၂၅) ကို ဇွန်လ ၂၇ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် EV နည်းပညာ စာအုပ်စာစောင်များကို တာဝန်ရှိသူများ၊ ကျောင်းသားများနှင့် EV သုံးစွဲသည့်ပြည်သူများထံ ပေးအပ်ပြီး EV အလုပ်ရုံ၌ လက်တွေ့လေ့ကျင့်သည့် စက်ပစ္စည်းများအား စိတ်ပါဝင်စားစွာ လေ့လာနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် အသိပညာပေးဆွေးနွေးပွဲ စတင်ကျင်းပပြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် EV နည်းပညာအသိပညာပေးဟောပြောမှုများကို ပြန်လည်မေးမြန်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် တစ်ဦးချင်းဟောပြောမှု၊ အဖွဲ့လိုက်ဆွေးနွေးမှုများနှင့်ဆွေးနွေးမှုရလဒ်များ ပြန်လည်သုံးသပ်မှုများကို ကြည့်ရှုအားပေးပြီး အသိပညာပေးဟောပြောသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြင်ပပညာရှင်များထံ မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

# အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)မှ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအစီအစဉ်ဖြင့် အချိန်ပိုင်းအနုပညာဒီပလိုမာသင်တန်းများဖွင့်လှစ်မည်

ရန်ကုန် ဇွန် ၃၀

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအစီအစဉ်ဖြင့် အချိန်ပိုင်းအနုပညာဒီပလိုမာသင်တန်း (ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှု)များကို ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများအနေဖြင့်လျှောက်လွှာပုံစံများကိုသင်တန်းရေးရာဌာနတွင် ဇွန်လ ၃၀ ရက် (တနင်္လာနေ့) မှဇွန်လ ၁၀ ရက် (ကြာသပတေးနေ့)အထိ ရုံးချိန်အတွင်း ရယူလျှောက်ထားနိုင်သည်။

ဇူလိုင်လ ၁၁ ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် စွယ်တော်ဆောင်၌ ဝင်ခွင့်လူတွေ့စစ်ဆေးမည်ဖြစ်ပြီး ဇူလိုင်လ ၁၃ ရက် (တနင်္ဂနွေနေ့)တွင် ဝင်ခွင့်အောင်မြင်သူများစာရင်း ထုတ်ပြန်မည်ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်) သင်တန်းရေးရာဌာနသို့ ရုံးချိန်အတွင်း ၀၉-၄၂၀၁၁၂၈၀၈၊ ၀၉-၇၈၈၁၈၉၁၈၀၊ ၀၉-၂၅၀၀၈၈၂၆၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

မြဝတီ




# စွမ်းအင်ဝန်ကြီးဌာန ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇွန် ၃၀

စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် သဇင်လမ်း(တော်ဝင်သီရိလမ်းနှင့် မြတ်မင်္ဂလာလမ်းကြား) လမ်းဘေးဝဲ/ယာ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဒုတိယဝန်ကြီး၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနလုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။




ဦးစွာပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ ကံ့ကော်၊ ခရေ၊ ကျွန်းနှင့် ပျဉ်းကတိုးပျိုးပင်များကို စတင်စိုက်ပျိုးပေးပြီး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများက ခရေ၊ ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ မန်ကျည်း၊ သစ်ဆိမ့်ပင် ၄၀၈ ပင်ကို သတ်မှတ်နေရာများ၌ အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့အတူ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ပြည်နယ်နှင့်တိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးများ၊ ရေနံမြေများ၊ စက်ရုံ၊ အလုပ်ရုံများ၌လည်း ခရေ၊ ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ မန်ကျည်း၊ သစ်ဆိမ့်ပင်၊ သပြေ၊ ကုက္ကို၊ ဝက်သစ်ချနှင့် အခြားအရိပ်ရလေကာပင် စုစုပေါင်း ၄၅၆၀ ပင်ကို စနစ်တကျစိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

# လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း နွေ၊ မိုး၊ ဆောင်း ရာသီပြည့်သီးနှံစိုက်ပျိုးနိုင်ရေး အစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၃၀

မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် နေပြည်တော်ကောင်စီလူငယ်ရေးရာကော်မတီတို့ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီလူငယ်ရေးရာကော်မတီဥက္ကဋ္ဌနေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီအတွင်းရေးမှူးအားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။



ဦးစွာ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ဓာတိမာန်" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးတို့က အမှာစကားပြောကြား၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက စာရေးဆရာ မောင်ရည်ကျော်(ရူပဗေဒ)အား ဂုဏ်ပြုလက်ဆောင်ပေးအပ်ကာ ဒုတိယဝန်ကြီးက အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းအတွက် စာအုပ်များနှင့် အားကစားပစ္စည်းများပေးအပ်လှူဒါန်းသည်။

ထို့နောက် စာရေးဆရာမောင်ရည်ကျော်(ရူပဗေဒ)က ဗလငါးတန်ပြည့်ဝစေရန် ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး နေပြည်တော်လူငယ်ရေးရာတာဝန်ခံက ကျောင်းသား၊ ကျောင်းသူများအား ဉာဏ်စမ်းပဟေဠိမေးမြန်းပြီး ဆုလက်ဆောင်များ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည့် နေပြည်တော်ကောင်စီနယ်မြေအတွင်း နွေ၊ မိုး၊ ဆောင်းရာသီပြည့်သီးနှံစိုက်ပျိုးနိုင်ရေးနှင့် လယ်ယာမြေဥပဒေ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေတို့နှင့်အညီ မြေယာအသုံးပြုနိုင်ရေး အစည်းအဝေးသို့တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက်နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဥတ္တရသီရိရေလှောင်တမံ၌ ယာယီရေတားတမံဆောင်ရွက်နေမှုနှင့် အရေးပေါ်ရေပိုလွှဲ ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအမြန်ပြီးစီးအောင်ဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

အောင်သူရဦး(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၇-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၄၀ | ၃၁၅၅ | ၃၁၁၀ | ၃၀၅၅ | ၃၂၆၀ | ၃၁၇၅ | ၃၂၉၀ | ၃၂၁၀ | ၄၅၀၅ | ၃၅၀၅ | ၃၂၃၀ | ၃၂၃၀ | ၃၃၀၀ | ၃၂၆၅ | ၃၂၈၅ | ၃၅၄၅ |
| 95 Ron | ၃၂၁၀ | ၃၃၂၅ | ၃၂၉၀ | ၃၁၁၅ | ၃၃၃၀ | ၃၃၄၅ | ၃၃၆၀ | ၃၂၈၀ | ၄၅၆၀ | ၃၅၇၅ | ၃၂၉၅ | ၃၃၀၀ | ၃၃၇၀ | ၃၃၃၅ | ၃၃၅၅ | ၃၆၁၀ |
| HSD (500 ppm) | ၂၇၃၀ | ၂၈၄၅ | ၂၈၁၀ | ၂၇၄၅ | ၂၈၅၀ | ၂၈၆၅ | ၂၈၈၀ | ၂၈၀၀ | - | ၃၀၉၅ | ၂၈၂၀ | ၂၈၂၀ | ၂၈၉၀ | ၂၈၅၅ | ၂၈၇၅ | ၃၁၃၅ |
| HSD (50 ppm) | ၃၃၈၅ | ၃၅၀၀ | ၃၄၆၅ | ၃၄၀၀ | ၃၅၀၅ | ၃၅၂၀ | ၃၅၃၅ | ၃၄၅၅ | ၄၈၃၀ | ၃၇၅၀ | ၃၄၇၀ | ၃၄၇၅ | ၃၅၄၅ | ၃၅၁၀ | ၃၅၃၀ | ၃၇၈၅ |
| HSD (10 ppm) | ၃၃၈၅ | ၃၅၀၀ | ၃၄၆၅ | ၃၄၀၀ | ၃၅၀၅ | ၃၅၂၀ | ၃၅၃၅ | ၃၄၅၅ | - | ၃၇၅၀ | ၃၄၇၀ | ၃၄၇၅ | ၃၅၄၅ | ၃၅၁၀ | ၃၅၃၀ | ၃၇၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၆၆ | ၃၀၅၉ |
| 95 Ron | ၃၀၃၃ | ၃၁၂၈ |
| HSD (500 ppm) | ၂၅၆၉ | ၂၆၅၀ |
| HSD (50 ppm) | ၃၂၀၃ | ၃၂၉၇ |
| HSD (10 ppm) | ၃၂၀၃ | ၃၂၉၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။
(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၇၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၈၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# အမျိုးသမီးများဘဝမြှင့်တင်ရေး ဝိုင်းဝန်းအားနှင့်ကူညီပေး

ညွန့်ဝင်း(နတ်တလင်း)

ဤလူ့ဘောင်တွင် အမျိုးသားနှင့်အမျိုးသမီးဟူ၍ လူသားအမျိုးအစား ခွဲခြားသတ်မှတ်ထားကြသည်။ ဤတွင် အမျိုးသမီးများကို အမျိုးသားများနှင့်တန်းတူ အခွင့်အရေးမပေးဘဲ ကန့်သတ်မှုများရှိခဲ့ကြသည်။ အမျိုးသမီးများသည် အမျိုးသားများကဲ့သို့ နေရာတိုင်းနှင့် မတင့်တယ် မအပ်စပ်ဟူသောအယူဝါဒကို အမြဲအသုံးချနေကြသဖြင့် အမျိုးသမီးများ၏အခွင့်အလမ်းများ၊ အခွင့်အရေးများဆုံးရှုံးလျက်ရှိသည်။ အချို့က အမျိုးသမီးဟူသည် အိမ်တွင်းမှု မီးဖိုချောင်ကိစ္စတို့သာ ကောင်းမွန်စွာလုပ်ကိုင်သင့်သည်ဟု ကန့်သတ်ခွဲခြားတတ်ကြသည်၊ ထိုသူတို့သည်ပုခက်လွှဲသောအမျိုးသမီးများ၏လက်သည် ကမ္ဘာကိုအုပ်စိုးနိုင်သည်အထိ စွမ်းဆောင်နိုင်ကြောင်း သတိမထားမိသူများဖြစ်ပေလိမ့်မည်။ အမျိုးသမီးများစွမ်းဆောင်နိုင်မှုသည် ကဏ္ဍအသီးသီး၌ ဝင်ရောက်ထိုးဖောက်နိုင်စွမ်းရှိသည်ဖြစ်ရာ နည်းပညာထွန်းကားလာသော ယနေ့ခေတ်ကာလတွင် အမျိုးသမီးများသည် အမျိုးသားနည်းတူ ညီမျှသောအခွင့်အရေး၊ အခွင့်အလမ်းများရရှိပြီး ဘဝမြင့်မားအောင် စွမ်းဆောင်နိုင်သူများဖြစ်အောင် မြှင့်တင်ပေးကြရပေမည်။

ကမ္ဘာ့နိုင်ငံအသီးသီးရှိ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေ၏ တစ်ဝက်ကျော်ရှိနေသည်။ ကမ္ဘာ့အဆင့်ညီလာခံများ၏ဆုံးဖြတ်ချက်ဖြင့် တည်ထောင်ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများသည် အမျိုးသားအဆင့် ယန္တရားကော်မတီများဖြစ်နေသဖြင့် အမျိုးသားကော်မတီဝင်များသာလုပ်ဆောင်ရမည့် ကန့်သတ်ချက်များရှိနေသည်။ သို့ဖြစ်၍ အမျိုးသမီးများ၏ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးအတွက် ကျယ်ကျယ်ပြန့်ပြန့်နှင့် ထိရောက်စွာလွှမ်းခြုံနိုင်ရန် လုပ်ငန်းသဘောထားချင်းတူညီသည့် အပြည်ပြည်ဆိုင်ရာ အစိုးရအဖွဲ့မဟုတ်သောအဖွဲ့အစည်း၊ NGO များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ရှေးမြန်မာမင်းများလက်ထက်တွင် တရားစီရင်ခွင့်ရသူ ခုနစ်ဦးရှိသည်။ ထိုခုနစ်ဦးမှာ ကလန်၊ သံပျင်၊ တရားသူကြီး၊ အမတ်ကြီး၊ မင်းညီမင်းသား၊ မိဖုရားခေါင်ကြီး၊ မင်းဧကရာဇ်ဟူ၍ဖြစ်ပြီး မိဖုရားခေါင်ကြီးဟူသော အမျိုးသမီးတစ်ဦးပါဝင်နေရာ ထိုစဉ်ကတည်းက အမျိုးသမီးများ၏စွမ်းဆောင်နိုင်ခွင့် အခွင့်အရေးကို မျှတစွာထည့်သွင်းပေးထားသည်မှာ ထင်ရှားလှသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတွင် အမျိုးသားဦးရေထက် အမျိုးသမီးဦးရေက ပိုမိုများပြားလာသည်ကို တွေ့ရသည်။ ထိုကဲ့သို့ များပြားလာသော အမျိုးသမီးများကို အမျိုးသားများနည်းတူ တန်းတူအခွင့်အရေးပေးနိုင်အောင်ဆောင်ရွက်ကြရန်လိုသည်။ အမျိုးသမီးများ၏အခန်းကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်၍ အမျိုးသမီးများ၏စွမ်းရည်များ မြင့်မားလာအောင်မြှင့်တင်ဆောင်ရွက်ကြရမည်။

ထို့ကြောင့် နှစ်စဉ်နှစ်တိုင်း မတ်လ ၈ ရက်ကို အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့(International Women's Day)အဖြစ်သတ်မှတ်ကာ အခမ်းအနားများကျင်းပ၍ ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီးများ၏ကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့်ဖော်ထုတ်ဆောင်ရွက်လျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ဖြစ်ပေါ်လာပုံကိုအကျဉ်းမျှတင်ပြချင်သည်။ ၁၉၁၀ ပြည့်နှစ်က ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့၌ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးညီလာခံတွင် ဂျာမနီနိုင်ငံမှ အမျိုးသမီးကိုယ်စားလှယ်တစ်ဦးဖြစ်သူ မီးစ်ကလယ်ရာဇယ်ကင်းက အမျိုးသမီးများနေ့သတ်မှတ်ကျင်းပနိုင်ရေး အကြံပြုတင်ပြခဲ့သည်။ ၎င်း၏ အကြံပြုတင်ပြချက်အရ နှစ်စဉ် မတ်လ ၈ ရက်ကို အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အဖြစ် သတ်မှတ်ကျင်းပရန် တညီတညွတ်တည်းဆုံးဖြတ်ခဲ့ကြသည်။ ထိုဆုံးဖြတ်ချက်နှင့်အညီ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် ၁၉၇၅ ခုနှစ်မှစတင်၍ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အတွက် နှစ်စဉ်ဆောင်ပုဒ်တစ်ခုသတ်မှတ်၍ ကျင်းပလာခဲ့သည်။

အမျိုးသမီးများ၏အခန်းကဏ္ဍသည်ယနေ့ ၂၁ ရာစုကာလတွင် ရှေးယခင်ကထက် လုပ်ဆောင်နိုင်မှုစွမ်းရည်များ ပို၍ပို၍တိုးတက်လာသည်မှာ အများမျက်မြင်ဖြစ်ပေသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုတာဝန်ယူရုံလောက်သာမကတော့ဘဲ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်ပါ ပါဝင်ထမ်းဆောင်လာနိုင်ပြီဖြစ်သည်။ အမျိုးသမီးများ၏ ပင်ကိုဗီဇသည် အများအားဖြင့် အားနွဲ့သူများဟုဆိုကြသော်လည်း အမျိုးသားများနှင့်အပြိုင် ကာယစွမ်းအင်၊ ဉာဏစွမ်းအင်၊ စိတ်ဓာတ်စွမ်းအင်များ မွေးမြူထုတ်လုပ်နိုင်စွမ်းရှိသည်။ လက်ရုံးရည်၊ နှလုံးရည်နှစ်မျိုးစလုံး ထက်မြက်ကြံ့ခိုင်သူများအဖြစ် ကြိုးစားအားထုတ်နိုင်စွမ်းရှိသည်။ အရည်အချင်းပြည့်ဝပြီး စိတ်ဓာတ်ကြံ့ခိုင်သူများဖြစ်လာအောင် ၎င်းကိုယ်တိုင် ကြိုးစားခွင့်ရှိအောင် ဖန်တီးဖော်ဆောင်ပေးရပေမည်။ အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ စွမ်းဆောင်နိုင်သည့်စွမ်းရည်များ ပိုမိုမြင့်မားတိုးတက်လာအောင် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းအားလုံးက နည်းပညာခေတ်နှင့်အညီ ဆန်းသစ်သောနည်းလမ်းများဖြင့် ကြံဆပံ့ပိုးပေးကြပေမည်။

ယခုအခါ နိုင်ငံအသီးသီးတွင် လူသားအားလုံးဖွံ့ဖြိုးတိုးတက်ရေးတွင် အမျိုးသမီးများ၏စွမ်းရည်ကို မြှင့်တင်ရန် ပံ့ဖော်သင့်ကြောင်း တိုက်တွန်းဆောင်ရွက်လာကြပြီဖြစ်သည်။ ထိုသို့ တိုက်တွန်းဆောင်ရွက်လာကြခြင်းသည် အမျိုးသမီးများ၏စွမ်းရည်များကို မြှင့်တင်ပေးနိုင်ခြင်းနှင့်အတူ နိုင်ငံနှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်အောင်ကြံဆောင်လုပ်ကိုင်ကြခြင်းမည်ပေသည်။ ကမ္ဘာ့လူဦးရေသည် အရှိန်အဟုန်ဖြင့် တိုးတက်များပြားလာချိန်တွင် ဤသို့သော ကြောင်းကျိုးဆီလျော်မှုရှိသည့် ကြိုးစားဆောင်ရွက်မှုမှန်သမျှ အဖိုးတန်လှပေသည်။

နိုင်ငံ၏ ကဏ္ဍအသီးသီးတွင် အမျိုးသမီးများပါဝင်ကြိုးစားခွင့်ရအောင် ကျား၊ မ တန်းတူညီမျှမှု အခွင့်ရရန်လိုအပ်သည်။ ကျား၊ မ တန်းတူညီမျှမှုဆိုသည်မှာ အမျိုးသားရော အမျိုးသမီးပါ မိမိရပိုင်ခွင့်အခွင့်အရေးများကို တန်းတူညီမျှရရှိခြင်းပင်ဖြစ်သည်။ ရပိုင်ခွင့်အခွင့်အရေးဟုဆိုရာတွင်လည်း အမျိုးသမီးဖြစ်၍ အလေးသာ အရာပေးခြင်းမျိုးမဟုတ်ဘဲ မိမိ၏လုပ်ရည်ကိုင်ရည်နှင့်ညီမျှသော အခွင့်အရေးကိုသာဆိုလိုသည်။ တစ်ဖန် မိန်းမသားဖြစ်၍ဟူသော ဟောင်းနွမ်းခေတ်မမီတော့သည့် ကန့်သတ်ချက်မျိုးဖြင့် အစစအရာရာ နောက်ချန်ထား၍မသင့်တော့ပေ။ ကျား၊ မ တန်းတူညီမျှမှုသည် လူသားတိုင်းရရှိသင့်သည့် အခွင့်အရေးဖြစ်၍ အမျိုးသမီးတိုင်းအတွက် ရရှိသင့်ရရှိအပ်သော အခွင့်အရေးပင်ဖြစ်သည်။

ကျား၊ မ တန်းတူညီမျှမှုရှိသည်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာသောအထောက်အကူများကို ရရှိမည်ဖြစ်သည်။ အမျိုးသမီးများသည် အမျိုးသားများနည်းတူ ကြိုးစားပါဝင်လုပ်ကိုင်ခွင့်ရရှိလာသဖြင့် ဆင်းရဲမှုကိုလျှော့ချနိုင်ခြင်း၊ အမျိုးသမီးများ အိမ်တွင်းအောင်းနေရသောဘဝမှ နေအိမ်ပြင်ပသို့ထွက်၍ အလုပ်အကိုင်များလုပ်ကိုင်လာနိုင်ခြင်းကြောင့် အသိအမြင်ဗဟုသုတများ တိုးပွားလာခြင်း၊ မျက်စိပွင့်နားပွင့်လာနိုင်ခြင်းနှင့်အတူ လူကုန်ကူးမှုခံရမှုများကို တားဆီးကာကွယ်နိုင်ခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများမှ ကာကွယ်နိုင်ခြင်း စသည့် အမျိုးသမီးကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများရရှိလာမည်ဖြစ်သည်။ အမျိုးသမီးများ၏ပညာရေးကို အမျိုးသားများနည်းတူ တန်းတူအခွင့်အရေးရအောင် ဖန်တီးနိုင်မှုသည်လည်း လူ့အဖွဲ့အစည်းတစ်ခုလုံးကို အကျိုးဖြစ်ထွန်းအောင် စွမ်းဆောင်နိုင်မည်ဖြစ်သည်။

တစ်ဖန် ကျား၊ မ တန်းတူညီမျှမှု အခွင့်အရေးအရ အမျိုးသားနှင့်အမျိုးသမီး လုပ်ငန်းမှန်သမျှ အပေးအယူမျှတစွာဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်သည်။ အမျိုးသားများအနေဖြင့်လည်း အမျိုးသမီးပဲဟူသော ဘောင်ကျဉ်းကလေးထဲ၌ ချန်လှပ်မထားခဲ့ဘဲ တန်းတူစွမ်းဆောင်နိုင်အောင် လက်တွဲခေါ်ဆောင်သင့်သည်။ ဤနည်းဖြင့် အမျိုးသမီးများ၏ကိုယ်ပိုင်အစွမ်းအစများ၊ ကိုယ်ပိုင်စွမ်းရည်များ ပိုမိုတိုးတက်မြင့်မားလာအောင် ကြိုးစားခွင့်ရရှိမည်ဖြစ်သည်။

ယနေ့မြန်မာနိုင်ငံတွင် လူဦးရေ သန်း ၆၀ ခန့်ရှိရာ ထက်ဝက်ကျော်သည် အမျိုးသမီးများဖြစ်သည်။ ထိုထက်ဝက်ကျော်ကိန်းဂဏန်းရှိသော အမျိုးသမီးဦးရေ အရေအတွက်သည် နိုင်ငံတော်နှင့် မြန်မာ့လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်သော အရေအတွက်ဖြစ်သည်။ စွမ်းရည်မြင့်မားသော မြန်မာအမျိုးသမီးများအဖြစ် ပြုစုပျိုးထောင်ပေးကာ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်သော နိုင်ငံတစ်ခုဖြစ်အောင် ပံ့ဖော်ကြိုးစားကြရာ၌ ပါဝင်အားဖြည့်နိုင်ပေသည်။ အမျိုးသမီးများကို နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များအဖြစ်ခံယူကာ အမျိုးသမီးတို့၏အခန်းကဏ္ဍကို နည်းပညာ၏ဆန်းသစ်သောအကူအညီဖြင့် အားပေးကူညီရမည်ဖြစ်သည်။

မြန်မာအမျိုးသမီးတို့၏ လုပ်ဆောင်နိုင်စွမ်း၊ စွမ်းရည်မြင့်မားမှုတို့ကို စုစည်းဖော်ဆောင်ပေးနိုင်စွမ်းရှိလျှင် အတိုင်းထက်အလွန် တံခွန်နှင့်ကုက္ကားဖြစ်ပေသည်။ ထိုအချက်ကို အလေးပေးစဉ်းစား၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ မြန်မာအမျိုးသမီးများသည် ကမ္ဘာ့အမျိုးသမီးများနှင့် ရင်ပေါင်တန်းနိုင်ရေး၊ အမျိုးသမီးထု၏စွမ်းအားစုကို နိုင်ငံတော်တည်ဆောက်ရေးတွင် အပြည့်အဝအသုံးချနိုင်ရေးတို့ကိုရည်ရွယ်၍ ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၈ ရက်တွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ကိုဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ၁၉၉၅ ခုနှစ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ကျင်းပသော စတုတ္ထအကြိမ် အမျိုးသမီးညီလာခံမှ အမျိုးသမီးများ ဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်ဆုံးဖြတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကိုဖွဲ့စည်း၍ ၁၉၉၆ ခုနှစ် ဇူလိုင်လ ၃ ရက်ကို မြန်မာအမျိုးသမီးများနေ့အဖြစ် ဂုဏ်ယူသတ်မှတ်ခဲ့သည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် အမျိုးသမီးရေးရာအဖွဲ့ချုပ်ပေါ်ထွန်းလာခြင်းသည် မြန်မာအမျိုးသမီးများအတွက် အားရတက်ကြွဖွယ်ဖြစ်သည်။ ယခင်က အမျိုးသမီးများ အားကိုးအားထားပြုထိုက်သည့် အသင်းအဖွဲ့မရှိခဲ့ချေ။ ယနေ့ချိန်ခါတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မြန်မာအမျိုးသမီးထုအတွက် ကျောက်စိုင်ကျောက်သားပမာ ရှေ့တန်းမှ ရပ်တည်ကြိုးစားကာကွယ်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် Myanmar Women's Affairs Federation(MWAF)ကို

(က) အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် အမျိုးသမီးများ၏အခန်းကဏ္ဍ မြှင့်တင်ပေးရန်။

(ခ) အမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်။

(ဂ) အမျိုးသမီးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်။

(ဃ) တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ပိုမိုမြတ်နိုးတန်ဖိုးထားသည့် စိတ်ဓာတ်မြှင့်တင်ရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးရန်။

(င) အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန်။

(စ) အမျိုးသမီးများနှင့် ကလေးသူငယ်များ လူကုန်ကူးမှုလျော့နည်းပပျောက်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်နိုင်ရန်။

(ဆ) အမျိုးသမီးများ၏ အခွင့်အရေးများကို တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်ဟူသော ရည်ရွယ်ချက်များဖြင့်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

အသင်းချုပ်ကြီး၏ရည်ရွယ်ချက်များမှာ တော်တည့်မှန်ကန်ပြီး အမျိုးသမီးတို့၏ လုပ်ငန်းဆောင်တာအဝဝအတွက် အားကိုးလောက်သည်။ အမျိုးသမီးထု၏ ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးများ၏အကြမ်းဖက်မှုမှအကာအကွယ်ပေးရေးတို့မှာ အမျိုးသမီးတိုင်းအတွက် လိုအပ်သောအခွင့်အရေးများပင်ဖြစ်သည်။ မြန်မာအမျိုးသမီးတို့သည် ကြက်ခြေနီအသင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း စသည်တို့တွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ပေးနေသည်။ ထိုအခွင့်အလမ်းများကို ပြည့်ပြည့်ဝဝရရှိ၍ အမျိုးသမီးများ၏ ပင်ကိုအရည်အချင်းများကို တက်ကုန်ရွက်ကုန်ပြသခွင့်ရရှိအောင် နည်းပညာကဏ္ဍကို တိုးမြှင့်ဆန်းသစ်ဖော်ဆောင်ပေးသင့်သည်။ ကွန်ပျူတာနည်းပညာသည် ကမ္ဘာနှင့်အဝန်း ရေပန်းစားအသုံးဝင်လှသည်ဖြစ်ရာ အမျိုးသမီးများ ကွန်ပျူတာခလုတ်ပေါ်လက်တင်၍ ကဏ္ဍအသီးသီး၌ပါဝင်စွမ်းဆောင်နိုင်ပေပြီ။ ထိုသို့စွမ်းဆောင်နိုင်အောင် နိုင်ငံတော်နှင့် အဖွဲ့အစည်းအသီးသီးက အရေးပေးလုပ်ဆောင်ပေးရမည်ဖြစ်ပေသည်။

အမျိုးသမီးများ၏ဘဝလုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသမီးအားလုံးပါဝင်ခွင့်ရအောင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးသင့်ကြောင်း ကမ္ဘာ့ကုလသမဂ္ဂ ထောင်စုနှစ်ပန်းတိုင် (၁၇)ရပ်ချမှတ်ဆောင်ရွက်စေခဲ့သည်။ ယင်းပန်းတိုင်(၁၇) ရပ်အနက် ပန်းတိုင်(၅) "ကျား၊ မ တန်းတူညီမျှမှုရရှိရေးနှင့် အမျိုးသမီးများအားလုံး စွမ်းပကားတိုးမြှင့်စေရေး" (Goal 5 – Achieve gender equality and empower all women and girls.) ဟူသောအချက်အရ အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်မားရေးအတွက် အကူအညီများဆောင်ရွက်ပေးခဲ့သည်။

စာမျက်နှာ ၁၄ သို့ ■

# အစိုးရမမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ ဖြေဆိုတော်မူကြသည့် သံဃာတော်များနှင့် စာမေးပွဲစာစစ်မည့် စာစစ်သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်


နေပြည်တော် ဇွန် ၃၀

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမ၌ အစိုးရမမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ ဖြေဆိုတော်မူကြသည့် သံဃာတော်များနှင့် စာမေးပွဲစာစစ်မည့် စာစစ်သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသရေးအဖွဲ့က သံဃာတော် ၂၂၉ ပါးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အစိုးရမမ္မာစရိယနှင့်ပါဠိပထမပြန်စာမေးပွဲ ဖြေဆိုတော်မူကြသည့် သံဃာတော်များနှင့် စာမေးပွဲစာစစ်မည့် စာစစ်သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

■ စာမျက်နှာ ၁၃ မှအဆက်

မြန်မာအမျိုးသမီးများသည် ခေတ်အဆက်ဆက်တွင် အမျိုးသားရေးလှုပ်ရှားမှုများတွင်လည်းကောင်း၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် လည်းကောင်း တိုင်းပြည်ချစ်စိတ်ဖြင့် ကြိုးစားဆောင်ရွက်နိုင်ခဲ့သည့် သမိုင်းပုံရိပ်များရှိခဲ့သည်။ ပိုးထည်ကုန်သည် ဒေါ်ဦးဇွန်းသည် အိုမင်းမစွမ်းဖြစ်နေသောဘိုးဘွားများကို မိမိ၏မိဘများသဖွယ် ပြုစုစောင့်ရှောက်နိုင်ရန် မင်းကွန်း၊ သထုံ၊ ပေါင်းတည်၊ ရန်ကုန်နှင်းဆီကုန်းနှင့် ပခုက္ကူတို့တွင် ဘိုးဘွားရိပ်သာများ ဖွင့်လှစ်ပေးခဲ့သည်။ ယခုအချိန်၌ ဒေါ်ဦးဇွန်း စတင်သန္ဓေတည်မွေးဖွားပေးခဲ့သော ဘိုးဘွားရိပ်သာများမှသည် မြန်မာပြည်အနှံ့အပြားတွင် ဘိုးဘွားရိပ်သာများဆက်လက်ပေါ်ပေါက်လာခဲ့ပေသည်။ ကျန်းမာရေးကဏ္ဍတွင်လည်း ဖလောရင့်နိုက်တင်ဂေးဆုရှင်သူနာပြုဆရာမကြီး ဒေါ်ခင်အုန်းမြသည် လူနာများကို သက်စွန့်ဆံဖျားကယ်တင်ပြုစုနိုင်ခဲ့သူအဖြစ် ထင်ရှားခဲ့သည်။ ဒေါ်ခင်အုန်းမြသည် ဗုံးများ၊ စက်သေနတ်များ ပစ်ခတ်ပေါက်ကွဲနေသည့်ကြားမှပင် ဒဏ်ရာရအမျိုးသမီးငယ်ကို ဘေးကင်းရာသို့ အရကယ်တင်ပြုစုကုသပေးခဲ့သည်။ ထို့ကြောင့် ၁၉၆၃ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီက ချီးမြှင့်သည့်ဖလောရင့်နိုက်တင်ဂေးဆုကို ရန်ကုန်မြို့ အမှတ် -၂ တပ်မတော်ဆေးရုံကြီး၌ တာဝန်ထမ်းဆောင်နေသော ဗိုလ်ခင်အုန်းမြ (နောင်တွင် အငြိမ်းစားဗိုလ်မှူး)က ဆွတ်ခူးရရှိခဲ့သည်။ ထိုဆုသည် မြန်မာနိုင်ငံသူနာပြုများထဲမှ ပထမဆုံးရရှိခဲ့သောဆုပင်ဖြစ်သည်။

မြန်မာသူနာပြု အမျိုးသမီးများထဲမှ ဒုတိယအကြိမ် ဖလောရင့်နိုက်တင်ဂေးဆုချီးမြှင့်ခံရသူတစ်ဦး ၁၉၉၃ ခုနှစ်တွင် ပေါ်ထွန်းခဲ့ပြန်သည်။ ထိုသူမှာ သူနာပြုဦးစီးအရာရှိ ဒေါ်အမ်ယောနမ်ဖြစ်သည်။ ဒေါ်အမ်ယောနမ်သည် တပ်မတော်စစ်ကြောင်းမှ ဒဏ်ရာရ ရဲဘော်များနှင့် အရပ်သူအရပ်သားများကို မူဆယ်ဆေးရုံတွင်သက်စွန့်ဆံဖျားပြုစုကယ်တင်ခဲ့သည်။ ဒေါ်အမ်ယောနမ်အတွက် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီက ချီးမြှင့်သည့် ဖလောရင့်နိုက်တင်ဂေးဆုတံဆိပ်ကို ၁၉၉၃ ခုနှစ် ဇွန်လ ၂၉ ရက်တွင် ရန်ကုန်မြို့ သူနာပြုတက္ကသိုလ်၌ ကျင်းပသော အခမ်းအနားတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာတင်ဦးကဆုရသူအားပေးအပ်ခဲ့သည်။ ဆရာမကြီး ဒေါ်အမ်ယောနမ်က "သူနာပြုတိုင်းဟာ အနစ်နာခံရမယ်။ စိတ်ထားကောင်းရမယ်။ အနစ်နာ၊ စေတနာ၊ ဝါသနာ၊ မေတ္တာ၊ ကရုဏာရှိရမယ်။ လူနာတွေအပေါ်လည်း ဆက်ဆံရေးကောင်းမွန်ရမယ်။ အခုလို ဖလောရင့်နိုက်တင်ဂေး ဆုချီးမြှင့်ခံရတာဟာ ကျွန်မတစ်ဦးတည်း စွမ်းဆောင်နိုင်လို့ မဟုတ်ပါဘူး။ ကျွန်မနဲ့ပူးပေါင်းဆောင်ရွက်ကြတဲ့ ဆရာဝန်တွေ၊ သူနာပြုဆရာမတွေ၊ ဆေးတပ်သားတွေရဲ့ဝိုင်းဝန်းစွမ်းဆောင်မှုကြောင့်ရရှိခြင်းဖြစ်ပါတယ်၊ သူတို့အားလုံးကိုလည်း အထူးကျေးဇူးတင်မိပါတယ်" ဟုပြန်လည်ဖွင့်ဟပြောဆိုခဲ့သည်၊ သူသည် စွမ်းဆောင်ရည်မြင့်မားသော အမျိုးသမီးဖြစ်ရုံသာမက စိတ်ကောင်းစေတနာကောင်းရှိသူအဖြစ် သူ့စကားများက ဖော်ပြနေသည်။ ဖလောရင့်နိုက်တင်ဂေးဆုမရသော်လည်း သားဖွားဆရာမဒေါ်သိန်းရီ၏ စွမ်းဆောင်မှုကလည်း ချီးကျူးစရာဖြစ်သည်၊ ဒေါ်သိန်းရီသည် ၁၉၉၅ ခုနှစ်ဖြစ်ပွားသည့် မီးလောင်မှုတွင် အသက် ၈ နှစ်အရွယ်မိန်းကလေးတစ်ဦးကို မီးလောင်နေသော အိမ်အတွင်းမှအသက်စွန့်ကယ်တင်ခဲ့သည်။

လေကြောင်းပို့ဆောင်ရေးမှ လေယာဉ်မယ်ဒေါ်သွယ်သွယ်ဝင်းသည်လေယာဉ်စက်ချွတ်ယွင်း၍ သဲသောင်ပြင်သို့ ဆင်းသက်ရမည့်အချိန်တွင် လေယာဉ်မှူးက ခါးပတ်ပတ်ရန် ပြောဆိုသည်ကိုပင် ဂရုမစိုက်နိုင်ဘဲ ခရီးသည်များအန္တရာယ်ကင်းရန်မည်သို့လုပ်ဆောင်မည်ကိုလမ်းညွှန်လျက်ကပင် အသက်ဆုံးရှုံးခဲ့ရသည်။ သတ္တိကောင်းလှသော၊ စိတ်ထားမြင့်မြတ်လှသော လေယာဉ်မယ်ဒေါ်သွယ်သွယ်ဝင်းကို နိုင်ငံတော်က ရဲဗလဆုချီးမြှင့်ခဲ့သည်။

ယနေ့ခေတ်သည် နည်းပညာများ ထွန်းကားသည်ထက် ထွန်းကားလာသောခေတ်ဖြစ်ရာ ကမ္ဘာမှာရော မြန်မာမှာပါ အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူညီမျှ အခွင့်မရစရာအကြောင်းမရှိပေ။ နည်းပညာထွန်းကားနေသောခေတ်တွင် အမျိုးသားတို့စွမ်းဆောင်နိုင်သမျှ လုပ်ငန်းဆောင်တာမှန်သမျှ အမျိုးသမီးများလည်း နည်းပညာအစွမ်းဖြင့် ကေန်မလွဲတန်းတူ စွမ်းဆောင်နိုင်ပေလိမ့်မည်။ သို့ဆိုလျှင် ကျား၊ မ မရွေး ယှဉ်တွဲလုပ်ကိုင်ကာ ဖွံ့ဖြိုးသာယာသောလူ့ဘောင်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်သည်။

အချုပ်အားဖြင့်တင်ပြရလျှင် အမျိုးသမီးများသည် အခွင့်အရေးရလျှင် ရသလောက်ကဏ္ဍအသီးသီးတွင် ပါဝင်စွမ်းဆောင်နိုင်ကြသည်။ ထို့ကြောင့်မိန်းကလေးငယ်များ၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာစွမ်းပကားများကို ဂုဏ်ပြုရန်နှင့် ရှေ့ဆက်လျှောက်မည့် လူ့ဘောင်ခရီးတွင် အမျိုးသမီးများ၏ ဘဝကို မြင့်မားတိုးတက်လာစေရန် အမျိုးသမီးများနှင့် စပ်ဆိုင်ရာကဏ္ဍများတွင် ကျယ်ကျယ်ပြန့်ပြန့်ရင်းနှီးမြှုပ်နှံ၍ ကြိုးပမ်းဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပေသည်။ ॥

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဇွန် ၃၀

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းတွင် ဟိုပုံးမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက ဗိုလ်လုပွဲပွဲစဉ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်၊ ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ပြုလုပ်ရာ တာဝန်ရှိသူများက ဆုရရှိသူများ၊ ဒိုင်းဆုရရှိသောအသင်းနှင့် ဒိုင်အဖွဲ့ဝင်များအား ဂုဏ်ပြုဆုနှင့် ဒိုင်းဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၈ သင်းဖြင့် ဇွန်လ ၂၃ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲတွင် ဒိုင်းဆုရရှိသောအသင်းအား တာဝန်ရှိသူတစ်ဦးက ဆုပေးအပ်ချီးမြှင့်စဉ်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚c | / | ၃၁˚c |
| ရန်ကုန် | ၂၄˚c | / | ၃၃˚c |
| မန္တလေး | ၂၆˚c | / | ၃၆˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"အမျိုးသမီး ၆ ဦးအပေါ် အကြောင်းမဲ့ ရက်ရက်စက်စက်နှိပ်စက်ခဲ့ကြတဲ့ ပခုက္ကူမှ ပြည်သူ့ကာကွယ်ရေးဆိုတဲ့ အကြမ်းဖက် PDF အဖွဲ့"** ခေါင်းစဉ်ဖြင့် ၂-၇-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"သစ္စာရှိလက်နက်မဲ့ Non CDM ဝန်ထမ်းတွေကို ခြိမ်းခြောက်သတ်ဖြတ်နေတဲ့ ဝရမ်းပြေးနိုင်ငံမဲ့ NUG၊ CRPH နဲ့ အကြမ်းဖက် PDF အဖွဲ့"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရာဇမဏိစူဠာကောင်းမှုတော်စေတီရှိ သာသနိကအဆောက်အအုံများအား အပြီးသတ်ဖယ်ရှားရှင်းလင်းပြီး စေတီတော်လုံးပတ်ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော်  ဇွန်  ၃၀**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ရာဇမဏိစူဠာကောင်းမှုတော်စေတီ၊ မေတ္တာကန်နှင့် ဆွမ်းဦးပုညရှင်စေတီတော်တို့တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကိုအပြီးသတ် ဖယ်ရှားရှင်းလင်းပြီး စေတီတော်လုံးပတ် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ရင်ပြင်တော်တိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ စေတီတော်နှင့်မေတ္တာကန်ပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးကာ လုပ်အားပေးဆောင်ရွက်နေကြသူများကို အားဖြည့်အချိုရည်များ ပေးအပ်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော မဟာစေတီလှစေတီတော်အား အသစ်တစ်ဖန်ပြန်လည်တည်ထားကိုးကွယ်မည့် မြေနေရာအား ပြင်ဆင်ဆောင်ရွက်နေမှုများ၊ မျိုးရင်ရင်သီလရှင်စာသင်တိုက်၊ ရွှေစေတီဘာသန္တရသင်တန်းကျောင်း၊ လေးကျွန်းမြေအုန်ကျောင်းပရိယတ္တိစာသင်တိုက်၊ ရွှေမုဋ္ဌောစေတီနှင့် ရွှေဘုန်းပွင့်ရွှေဘုန်းမြင့်စေတီများသို့ သွားရောက်ကာ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံအပျက်အစီးများကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများဖြစ်သည့် မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်ရှိ ရတနာပုံသာဆုတောင်းရ(ဦးပေစိ)ဘုရားရှိ အပျက်အစီးများအား တပ်မတော်သားများနှင့် စက်ယန္တရားကြီးများအသုံးပြု၍ အင်တိုက်အားတိုက် ဖယ်ရှားရှင်းလင်းနေမှုများနှင့် လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက် မြင်းဝန်မင်းကြီးကျောင်းတိုက်ရှိအပျက်အစီးများအား အဖွဲ့အစည်းအသီးသီးမှ အင်တိုက်အားတိုက် ဖယ်ရှားရှင်းလင်းနေမှုနှင့် ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ မဟာမုနိဘုရားကြီး ဘဏ္ဍာတော်ပိုင်တိုက်တန်းရှိ ဝန်ထမ်းလိုင်းခန်းအပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအမြန်ဆုံးပြီးစီးဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများအား မှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ရွှေဘုန်းရှိန်ရပ်ကွက် မြင်းဝန်မင်းကြီးကျောင်းတိုက်ရှိ အလယ်တိုက်ကျောင်း၊ ရွှေကျောင်း၊ တတိုက်လုံးကျောင်းနှင့် ဥယျာဉ်ကျောင်းများ၏ အပျက်အစီးများအား အဖွဲ့အစည်းအသီးသီးမှအင်တိုက်အားတိုက် ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း ဒိုင်းဆုရရှိသောအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

## ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော်  ဇွန်  ၃၀**

ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ပြုလုပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပွဲစဉ်အလိုက် အကောင်းဆုံးတစ်ဦးချင်းဆု၊ ပွဲစဉ်အလိုက် အကောင်းဆုံးအသင်းလိုက်ဆု၊ ဒိုင်းဆုရရှိသောအသင်းနှင့် ဒိုင်အဖွဲ့ဝင်များအတွက် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ဇွန်လ ၂၅ ရက်မှ ယနေ့အထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ၌ စာရေးဝန်ထမ်းကြီးကြပ်သင်တန်း ဖွင့်လှစ်

**ရန်ကုန်  ဇွန်  ၃၀**

စာရေးဝန်ထမ်းကြီးကြပ်သင်တန်း အမှတ်စဉ်(၉၈) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရှိ ရတနာသိင်္ဃခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းသို့ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၂၁ ဦး၊ သင်တန်းသူ ၅၃ ဦး စုစုပေါင်း ၇၄ ဦး တက်ရောက်ကြပြီး သင်တန်းကို ဇွန်လ ၃၀ ရက်မှ စက်တင်ဘာလ ၁၀ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲသို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)မှ ဒုတိယပါမောက္ခချုပ် (သင်ကြားရေး)၊ ဌာနကြီးမှူးများ၊ ပါမောက္ခများ၊ သင်ကြားပို့ချမည့် ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၃၀-၆-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၈၈၀,၀၀၀)** ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီနှင့် စာပေဗိမာန်စာမူဆုရွေးချယ်ရေးအဖွဲ့တို့မှ စာပေပညာရှင်များအား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တွေ့ဆုံ



ရန်ကုန်  ဇွန်  ၃၀

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီနှင့်စာပေဗိမာန်စာမူဆုရွေးချယ်ရေးအဖွဲ့တို့မှ စာပေပညာရှင်များနှင့်တွေ့ဆုံသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏အဆင့်အမြင့်ဆုံးစာပေဆုဖြစ်သည့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဝါသနာရှင်များ၏ အရည်အသွေးပြည့်ကောင်းမွန်သည့်စာမူများကို စာအုပ်အဖြစ်ထွက်ပေါ်လာစေရန် ပျိုးထောင်အားပေးသော စာပေဗိမာန်စာမူဆုများကို ၁၉၄၈ ခုနှစ်မှစတင်၍ အသွင်အမျိုးမျိုးဖြင့် ချီးမြှင့်လာခဲ့သည်မှာ ယနေ့ထက်တိုင်ဖြစ်ကြောင်း။

ယခုနှစ်တွင်လည်း စာကောင်းပေမွန်များနှင့်ဘဝတစ်သက်တာလုံး စာပေ၌နစ်မြုပ်ထားခဲ့ကြသည့်စာပေပညာရှင်ကြီးများကို ဂုဏ်ပြုချီးမြှင့်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စာပေဆုများစိစစ်ရွေးချယ်ခြင်းဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ဦးစိန်လှိုင်(သူရဇော်)၊ စာပေဗိမာန်စာမူဆုစိစစ်ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)နှင့် တက်ရောက်လာကြသည့် စာပေပညာရှင်ကြီးများက အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုရွေးချယ်ရေးနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# စပါးသီးနှံပန်းတိုင်အထွက်နှုန်းကို မိုးစပါးရာသီအတွက် တစ်ဧကတင်း ၁၀၀၊ နွေစပါးရာသီအတွက် တစ်ဧကတင်း ၁၁၀ ထွက်ရှိရေး သတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ






နေပြည်တော်  ဇွန်  ၃၀

ပန်းတိုင်အထွက်နှုန်းရရှိရေး အထွက်နှုန်းကွာဟချက်များကို ဆန်းစစ်လေ့လာခြင်းဆိုင်ရာ မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း AERDTC ၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ပညာရှင်များ၊ သင်တန်းတက်ရောက်ကြမည့် စိုက်ပျိုးရေးဦးစီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့မှ ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက တစ်ဧကအထွက်နှုန်းတိုးတက်ရေးဆောင်ရွက်ရာတွင် အဓိကသီးနှံများ၏ ပန်းတိုင်အထွက်နှုန်းများသတ်မှတ်ဆောင်ရွက်လျက်ရှိရာ စပါးသီးနှံပန်းတိုင်အထွက်နှုန်းကို မိုးစပါးရာသီအတွက် တစ်ဧကတင်း ၁၀၀၊ နွေစပါးရာသီအတွက် တစ်ဧကတင်း ၁၁၀ ထွက်ရှိရေး သတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ရေမြေသဘာဝအလိုက် အထွက်နှုန်းကွဲပြားမှုများ၊ သုတေသနအထွက်နှုန်းနှင့် တောင်သူအမှန်အထွက်နှုန်းတို့အကြား ကွာဟမှုများဖြစ်ပေါ်နေခြင်းအကြောင်းရင်းများကို ဖော်ထုတ်၍ စပါးသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေးကို ဦးတည်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

စပါးသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ရန်အတွက် စပါးသီးနှံ၏ သုတေသနအထွက် (Experimental Yield) နှင့် တောင်သူအမှန်အထွက်(Actual Yield)တို့အကြား ကွာဟမှုဖြစ်ပေါ်နေရသည့် မျိုး၊ မြေ၊ ရေ၊ နည်းဆိုင်ရာအကြောင်းရင်းများကို ရှာဖွေဖော်ထုတ်ဆန်းစစ်လေ့လာခြင်း (Yield Gap Analysis) ဆောင်ရွက်သွားမည်ဖြစ်ပြီး လိုအပ်သည့်ကိန်းဂဏန်းများရရှိရန် စစ်တမ်းကောက်ယူ(Survey)မည့် စိုက်ပျိုးရေးဦးစီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့မှ ဝန်ထမ်းများကို ယခုဖွင့်လှစ်သည့် မွမ်းမံသင်တန်းတွင် စာရင်းကောက် Enumerator ပညာရပ်ကိုပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

➲ ရှေ့ဖုံးမှအဆက်

ရွေးချယ်စိုက်ပျိုးနိုင်စေဖို့ ပံ့ပိုးကူညီပေးနေပါတယ်” ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဝါစိုက်ပျိုးတောင်သူများကို ဝါမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး၊ ဝါဖြစ်ထွန်းအောင်မြင်စေရေး၊ သွင်းအားစုများ စနစ်တကျသုံးစွဲရေး စသည့်တောင်သူအသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ နှစ်စဉ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက သီးနှံဝင်ငွေတွက်ခြေကိုက်သည့် ချည်မျှင်ရှည်ဝါ၊ ရွှေတောင်(၈)၊ ရွှေတောင်(၁၀) စသည့် ဝါမျိုးများကို စီးပွားဖြစ်စိုက်ပျိုးကြကြောင်း၊ ယခုနှစ်တွင်လည်း ဝါစိုက်ပျိုးခြင်းကို သတ်မှတ်လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ဝါကို အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်အောင် စိုက်ပျိုးထုတ်လုပ်နိုင်ပါက ဒေသတွင်း သုံးစွဲမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။


လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)


## ➤ အထူးမိုးလေဝသမှ

လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း ယနေ့ညနေမှ ဇူလိုင်လ ၆ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင်နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)



# ရုရှားနိုင်ငံသားခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရာတွင် ကောင်းမွန်သောဝန်ဆောင်မှုများ ပေးနိုင်ရန် ရုရှားဘာသာစကား(အခြေခံ)သင်တန်းဖွင့်

နေပြည်တော် ဇွန် ၃၀

ရုရှားနိုင်ငံသား ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရာတွင် ကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်ရန်ရည်ရွယ်၍ ရုရှားဘာသာစကား(အခြေခံ) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နေပြည်တော် ဟိုတယ်နှင့် ခရီးသွားဆိုင်ရာအသင်းအဖွဲ့များနှင့် ဟိုတယ်များမှ တာဝန်ရှိသူများ၊ ရုရှား-မြန်မာချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများနှင့် နည်းပြဆရာများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ခရီးသွားဈေးကွက်ဝင်နိုင်ငံဖြစ်သည့် ရုရှားနိုင်ငံမှ ရုရှားခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ရာတွင် ၎င်းတို့နိုင်ငံ၏ ဘာသာစကားများဖြင့် ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ရုရှားဘာသာစကား ဒီပလိုမာသင်တန်းများ၊ ရုရှားဘာသာစကား(အခြေခံ)သင်တန်းများနှင့် မွမ်းမံသင်တန်းများကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ယနေ့ဖွင့်လှစ်သည့်ရုရှားဘာသာစကား(အခြေခံ) သင်တန်းသို့တက်ရောက်ကြမည့်သင်တန်းသား၊ သင်တန်းသူများအနေဖြင့် စနစ်တကျ လေ့လာသင်ယူကြရန်နှင့် ဘာသာစကားစွမ်းရည်ကို မြှင့်တင်ကာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာ-ရုရှားချစ်ကြည်ရေးအသင်းမှ နည်းပြဆရာတစ်ဦးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် သင်ကြားပို့ချမည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြများအား ပြည်ထောင်စုဝန်ကြီးက အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ရုရှားဘာသာစကား(အခြေခံ)သင်တန်းကို နေပြည်တော်အတွင်းရှိ ဌာနဆိုင်ရာများ၊ မာရဝိဇယ၊ ဥပ္ပါတသန္တိဘုရားဂေါပကအဖွဲ့တို့မှ ရွေးချယ်စေလွှတ်သည့် ဝန်ထမ်းများ၊ ဟိုတယ်နှင့်တည်းခိုရိပ်သာများမှ ဝန်ထမ်းများတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ မြဝတီ





# အားကစားကွင်း၊ အားကစားရုံများ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် လှည့်လည်ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇွန် ၃၀

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အားကစားဖွံ့ဖြိုးတိုးတက်စေရေးအတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် အားကစားကွင်း၊ အားကစားရုံများဆောက်လုပ်ရန် လျာထားသည့် မြေနေရာများလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် လယ်ဝေးမြို့နယ်ရှိ ဘောလုံးအားကစားကွင်း၊ ဘောလုံးကွင်းပတ်လည် ခြံစည်းရိုးအုတ်တံတိုင်းကာရံထားရှိမှု၊ ဂိုးတိုင်ပိုက်များ တပ်ဆင်ထားရှိမှုနှင့် ပွဲကြည့်စင်တို့ကိုလည်းကောင်း၊ ရေသုံးစွဲမှုအဆင်ပြေစေရေးအတွက် ရေစင်တည်ဆောက်ထားရှိမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဘောလုံးအားကစားကွင်းစိမ်းလန်းစိုပြည်စေရေး၊ ရေရှည်တည်တံ့စေရေး၊ အဆောက်အအုံများပြုပြင်ထိန်းသိမ်းရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒက္ခိဏသီရိမြို့နယ် အားကစားကွင်း၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် အားကစားကွင်းအတွင်း ဆောက်လုပ်ရန်လျာထားသည့် ပွဲကြည့်စင်နှင့်မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်းတည်ဆောက်မည့် မြေနေရာများနှင့်ရေစင်တည်ဆောက်ထားရှိမှုတို့ကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပျဉ်းမနားမြို့နယ်ပြည်သူ့ပေါင်းလောင်း အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားရုံ၊ ပွဲကြည့်စင်၊ အဆောက်အအုံများတွင် ရေလုံလောက်စွာရရှိစေရေးအတွက်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ Transformer မီးလိုင်းသွယ်တန်းထားရှိမှုနှင့် အုတ်နံရံပြို့ကျပျက်စီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် Synthetic ပြေးလမ်း ထည့်သွင်းတည်ဆောက်နိုင်ရေးအတွက် လျာထားစီမံဆောင်ရွက်သွားရန်၊ အားကစားကွင်း၊ အားကစားရုံရေရှည်တည်တံ့စေရေးနှင့် ပြည်သူများလာရောက်လေ့ကျင့်ကစားနိုင်စေရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရန် မှာကြားပြီး ဝန်ထမ်းများ၏တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ မြဝတီ

# ရန်ကုန်မြို့ရှိ မြန်မာမှုအနုပညာဗဟိုဌာနတည်ဆောက်နေမှု ဒုတိယဝန်ကြီး ဒေါ်နုမြဖံ့ ကြည့်ရှုစစ်ဆေး



ရန်ကုန် ဇွန် ၃၀

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မင်းဓမ္မလမ်းပေါ်ရှိ အကျယ်အဝန်း ၇ ဒသမ ၄၁ ဧကပေါ်၌ နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန (Myanmar Arts Center) တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ Myanmar Land and Development Limited ဆောက်လုပ်ရေးကုမ္ပဏီမှ Project Director က လုပ်ငန်းခုနစ်ခု၏ ဆောင်ရွက်မှုနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်း ရေဂါလန် ၃၀၀၀၀ ဆံ့ Ground Tank နှစ်လုံးတည်ဆောက်ပြီးစီးမှု၊ ၈ လက်မ Tube Well တူးဖော်နေမှု၊ Steel Structure ဆီဆေးသုတ်ခြင်းလုပ်ငန်း၊ RC Wall နံရံများ အချောကိုင်ခြင်းလုပ်ငန်းနှင့် ရေလုံဆေးသုတ်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

အနုပညာဗဟိုဌာန (Myanmar Arts Center) ကို ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာရပ်များ တင်ဆက်နိုင်မည့် နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာနအဖြစ်ဖျော်ဖြေရေးအတွက် သာမက အနုပညာဆိုင်ရာပြပွဲ၊ ပြိုင်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အနုပညာနှင့်ဆက်စပ်သောဟောပြောပွဲများ ပြုလုပ်နိုင်ရန်ရည်ရွယ်၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တည်ဆောက်ပြီးစီးပါက နိုင်ငံတကာမှ လာရောက်သောယဉ်ကျေးမှုပဒေသာကပွဲများ၊ ကဇာတ်၊ ပြဇာတ်နှင့် တေးဂီတသံစုံဖျော်ဖြေတီးခတ်မှုများ၊ တေးဂီတဆိုင်ရာ ဖျော်ဖြေမှုများ၊ အနုပညာနှင့်ဆက်စပ်သော ပန်းချီ ပန်းပုဆိုင်ရာပြပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အနုပညာဆိုင်ရာ ပညာပေးဟောပြောမှုများကို ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ဂီတ၊ သဘင်၊ ရုပ်ရှင်၊ ပန်းချီ၊ ပန်းပုနှင့် စာပေနယ်ပယ်အသီးသီးမှ မြန်မာ အနုပညာရှင်လူငယ်များအနေဖြင့် မိမိတို့၏ အနုပညာရပ်များကို ကမ္ဘာသို့ ဖော်ထုတ်ပြသနိုင်မည်သာမက ကမ္ဘာ့အနုပညာအသီးသီးနှင့် ဆက်စပ်ပူးပေါင်းဆောင်ရွက်နိုင်သည့် အခွင့်အလမ်းကောင်းများရရှိစေမည့်ပြယုဂ်တစ်ခု ဖြစ်ကြောင်း သတင်းရရှိသည်။ မြဝတီ

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် တိုက်ကွမ်ဒိုပြိုင်ပွဲ ရန်ကုန်တိုင်းဒေသကြီးအသင်း စုပေါင်းတံခွန်စိုက်ဆုရရှိ

ရန်ကုန် ဇွန် ၃၀

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် တိုက်ကွမ်ဒိုပြိုင်ပွဲကို ဇွန်လ ၂၆ ရက်မှ ၃၀ ရက်အထိ ရန်ကုန်မြို့ သုဝဏ္ဏအမျိုးသား အားကစားပြိုင်ပွဲရုံတွင်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက ရွှေတံဆိပ် ၁၆ ခု ငွေတံဆိပ် ၂ ခု၊ ကြေးတံဆိပ် ၁ ခုတို့ဖြင့် စုပေါင်းတံခွန်စိုက်ဆုဖလားကိုရရှိခဲ့သည်။

အဆိုပါဆုပေးပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အားကစားနှင့်လူငယ် ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အားကစားသမားများတက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။ ယင်းနောက် ပြိုင်ပွဲတွင် အတန်းလိုက်ဆုရရှိသူများကို တိုင်းဒေသကြီးဝန်ကြီးများနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများက လည်းကောင်း၊ အမျိုးသမီးတံခွန်စိုက်ဆုဖလားနှင့်အမျိုးသား တံခွန်စိုက်ဆုဖလားရရှိသော ရန်ကုန်တိုင်းဒေသကြီး အမျိုးသားနှင့်အမျိုးသမီးအသင်းတို့ကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းကလည်းကောင်း၊ စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က လည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် တိုက်ကွမ်ဒိုပြိုင်ပွဲတွင်နေပြည်တော်အပါအဝင် ကချင်ပြည်နယ်၊ကယားပြည်နယ်၊ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊တနင်္သာရီတိုင်းဒေသကြီး၊ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊မွန်ပြည်နယ်၊ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ဧရာဝတီတိုင်းဒေသကြီးတို့မှ အားကစားသမား ၂၃၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ လင်းခန့်

# MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com


## More than 4,000 acres of sugarcane planted in KhinU Township



KHINU June 30

According to KhinU Township Agriculture Department, a total of 4,111 acres of sugarcane has been planted in KhinU Township of Sagaing Region this year.

For the 2025–2026 monsoon crop season, it is planned to cultivate a total of 4,551 acres of sugarcane in KhinU Township. Cultivation began in May of this year, and as of today, 4,111 acres have already been planted against the target cultivation. Efforts are underway to meet the target acreage.

"This year during the monsoon season, we have planned to grow 4,551 acres of sugarcane in KhinU Township. As of today, 4,111 acres have already been cultivated. We are working to achieve the full targeted acreage. Local farmers are planting sugarcane as usual," said U Nay Win Naing, Head of the KhinU Township Agriculture Department.

In terms of sugarcane cultivation across the Sagaing Region, it is being carried out in Shwebo, Kanbalu, and Katha districts, with Kanbalu and Katha districts accounting for the largest cultivation areas.

In KhinU Township, the cultivation cost per acre of sugarcane ranges between Ks-600,000 to Ks-700,000, and the yield is around 30 tons per acre.

Within the Sagaing Region, high-yield sugarcane varieties such as Ks--95/84, Nawaday-4, Formosa, and Hsinshweli are being cultivated, with a focus on both rainfed and irrigated methods.

**SMK**

## More than 3,000 acres of butter bean reaped in Kanbalu Township

KANBALU June 30

Kanbalu Township Agriculture Department stated that a total of 3,797 acres of butter bean has been harvested in Kanbalu Township of Sagaing Region.

The crops were planted in winter of 2023 and harvesting started at the crop plantations in February 2024, yielding 18.18 baskets per acre.

“The township planted 3,797 acres of butter bean this winter. Now, farmers have harvested all sown acreage. As the crop fetches good price, local farmers focus on cultivation of butter bean,” said U Myo Zaw, head of Township Agriculture Department.

In 2023-2024 winter, the township earmarked cultivation of 3,809 acres of butter bean but local farmers planted 3,797 acres against the target.

This year, local farmers planted butter bean in winter and some of them grew some crops as mix-cropping in the butter bean plantation to earn extra income.

Staff of Township Agriculture Department helped local farmers boost per-acre yield of crops with high agricultural technique and post harvest technology.

**SK**

## River catfish from Myaungmya Township marketable in domestic market



MYAUNGMYA June 30

River catfish from Myaungmya Township of Ayeyawady Region is in high demand at the domestic market, said Daw Ei Ei Aye, the owner of fishery product trading in Myaungmya Township.

Since the second week of June until today, the demand for river catfish from Myaungmya Township has been strong, and trading has been going well. It is reported that daily trading volumes range from 3,500 to 6,000 viss.

"The river catfish coming out of Myaungmya Township are in high demand in the Yangon market. Most of the locally sourced catfish are mainly transported and sold to Yangon. Currently, the output of catfish is lower than before. At this time, river catfish are the most actively traded product. With strong market activity, laborers, business owners, and especially fish farmers are enjoying better business opportunities. The catfish from the Nyaungdon Township area are of high quality," said Daw Ei Ei Aye.

In Myaungmya Township, trading centre operators buy local catfish, process them for retail sale, and distribute them. It is known that the price per viss of river catfish from the region is currently up to Ks-18,500.

**SK**

## Winter green bean yield hits 5,820 acres in Sagaing District

SAGAING June 30

A total of 5,820 acres of green beans planted during the winter crop planting season in Sagaing District have been harvested, according to the Department of Agriculture for Sagaing District.

The harvest of the green bean fields planted in Sagaing District during the 2023-2024 winter crop planting season has been harvested since February this year. So far, 5,820 acres have been harvested and 17.67 baskets per acre of green beans have been produced.

"There are education programs to expand green bean cultivation and to use good varieties to improve yields," said Daw Thida Lwin, head of the Department of Agriculture for Sagaing District.

The completion of green bean harvesting by township in Sagaing District is as per following: 2,209 acres in Sagaing Township, 1,288 acres in Myinmu Township, and 2,323 acres in Myaung Township, totaling 5,820 acres.

In the 2023-2024 winter crop planting season, 5,982 acres of green beans were earmarked for planting in Sagaing District, and 5,820 acres were planted from October to December 2023.

**SMK**

# Wetlet Township to grow more than 130,000 acres of monsoon paddy this year



WETLET June 30

A plan is underway to cultivate over 130,000 acres of monsoon paddy in Wetlet Township of Sagaing Region this year, according to the Township Agriculture Department.

During the 2025–2026 monsoon cropping season, it is planned to cultivate monsoon paddy on 139,600 acres in Wetlet Township. It has been reported that the paddy cultivation will begin in June this year and continue through September.

Daw Kyin San, the Head of the Agriculture Department in Wetlet Township, stated, "This year, during the monsoon cropping season, we plan to cultivate over 130,000 acres of monsoon paddy in Wetlet Township. We will work towards achieving the full target acreage. We will also provide the necessary techniques and quality seeds for paddy cultivation. To ensure timely planting by farmers, we will provide on-site support."

It is reported that, during this year's monsoon cropping season, the respective township agriculture department will collaborate with local farmers to ensure systematic cultivation without any major difficulties.

In Wetlet Township, paddy farmers will be provided with agricultural techniques, awareness on pest control, guidance to prevent crop losses, and instructions to ensure that harvested paddy is stored under proper shelter in a timely manner.

To ensure high yields and successful paddy fields in Wetlet Township this year, the Township Agriculture Department staff will conduct field visits to guide farmers in selecting quality and pure seeds, preventing pest infestations, proper weeding, removing off-types, and using fertilizers systematically. **SMK**

# Maize and sweet corns harvested in Sagaing Township

SAGAING June 30

Local farmers have harvested all sown acreage of maize and sweet corns in Sagaing Township of Sagaing Region, according to the Township Agriculture Department.

During the winter crop season in Sagaing Township, a total of 25,599 acres of maize and sweet corns were successfully cultivated. Harvesting of these maize and sweet corn plantations began in January of this year and has been completed as of today. Among them, 3,071 acres were used for maize, which yielded an average of 52.37 baskets per acre, and 22,528 acres were used for sweet corn, which produced more than 20,000 corn cobs per acre.

"The maximum cultivable area for seed maize and sweet corn in Sagaing Township during the winter season was 255,599 acres. All of these fields have now been fully harvested. We were able to cultivate more than the initially projected area. In order to ensure a successful harvest, we provided educational outreach and preventive measures against pests and diseases," said U Myo Thant Aung, the Head of the Township Agriculture Department.

Farmers growing seed maize and sweet corn in Sagaing Township were supported by the Township Agriculture Department through training sessions, demonstration plots, preventive measures against stalk borers, and integrated pest management practices. These included the use of neem-based pesticides and natural repellents like ginger and chili, along with general agricultural knowledge sharing.

Regarding yields and costs, seed maize produced more than 50 baskets per acre, with an average cultivation cost of around Ks-500,000 per acre. Sweet corn yielded around 15,000 cobs per acre, also with a cultivation cost exceeding Ks-500,000 per acre.

**SMK**

# Local farmers to cultivate more than 2,000 acres of vegetables in Kanbalu District

KANBALU June 30

Statistics of Kanbalu District Agriculture Department mentioned that local farmers set a plan to grow 2,475 acres of vegetables in coming monsoon in Kanbalu District of Sagaing Region.



For the 2024–2025 monsoon crop season, it is planned to cultivate 2,475 acres of vegetable crops in Kanbalu District. The planting of these vegetable crops is expected to begin in the third week of May this year.

"This year, during the monsoon crop season, we have planned to cultivate over 2,000 acres of vegetables in Kanbalu District. Efforts will be made to fully meet the targeted acreage. The crops include roselle, chili, culinary herbs, potato, cauliflower, eggplant, and ridge gourd," said Daw Mar Mar Win, the head of the Kanbalu District Department of Agriculture.

For the upcoming 2025–2026 monsoon crop season, the cultivation plan for vegetables in Kanbalu District by township includes 1,963 acres in Kanbalu Township and 512 acres in Kyunhla Township, totaling 2,475 acres.

In this crop season, local township agricultural departments in Kanbalu District will continue to support vegetable farmers with GAP-based technical training, provide knowledge to ensure the harvested crops are healthy and safe, and assist farmers in expanding their vegetable cultivation areas.

Vegetable crops are grown seasonally every year in Kanbalu District. These crops have been productive and profitable, generating family income. For farmers who plan to grow vegetables, the township agriculture offices will offer guidance on proper cultivation practices, pest prevention, and the use of natural fertilizers, organic pesticides, and pest repellents. **SK**

# Wheat from Shan State fetching good prices in Mandalay market

MANDALAY June 30

Wheat produced from Shan State flows into Mandalay market, fetching good prices, said U Set Maung Swe, secretary of Brokers, Merchants and Millers Maha Kahteintaw Association (Mandalay Commodity Centre).

Quality wheat from Shan State enters Mandalay region again. Demand is high in Mandalay market to purchase wheat, he added.

"Wheat which flowed into Mandalay market is high demand from merchants of Mandalay market, Taunggyi and other cities. So, trading of wheat is booming again in Mandalay," he continued.

In Mandalay market, a 60-viss bag of wheat fetched Ks-160,000 on 28 May at Mandalay market.

Merchants from various townships and abroad offer to purchase wheat from Shan State in Mandalay market.

**SK**

# Dubai conducts Mideast's 1st air taxi test flight




DUBAI June 30

Dubai has completed the first successful test flight of an electric air taxi in the Middle East, a key step toward introducing commercial air mobility services, the emirate's transport authority said on Monday.

The trial, conducted by the Roads and Transport Authority (RTA) in partnership with U.S.-based Joby Aviation, took place at a desert test site and was attended by senior officials from the transport and aviation sectors.

Sheikh Hamdan bin Mohammed bin Rashid Al Maktoum, the Dubai crown prince, said the flight underscored Dubai's commitment to future mobility and innovation. "We aim to make life easier for people and shape a city built around the needs of future generations," he said.

The all-electric aircraft features vertical take-off and landing (VTOL) capabilities, a top speed of 320 km/h, and a range of 160 km. It carries four passengers and a pilot, offering a low-noise, environmentally friendly solution suited to dense urban areas.

RTA said it plans to launch the first aerial taxi station near Dubai International Airport by 2026. Travel time between the airport and Palm Jumeirah is expected to be about 12 minutes.

Joby CEO JoeBen Bevirt praised Dubai's forward-looking approach, saying the collaboration "brings clean, quiet aviation closer to everyday life."

**Xinhua**

# Lavrov raises concerns over alarming attacks on church in Armenia

CHOLPON ATA June 30

Armenia's current situation is the country's internal affair, but attacks on the church are very concerning, Russian Foreign Minister Sergey Lavrov cautioned on Monday.

"It is clear that this is an internal matter for our neighbors, but, of course, attacks on the canonical thousand-year-old Armenian Apostolic Church are of grave concern. The Church has always been one of the key pillars of Armenian society, and we would very much not like this Church to be subjected to unjustified attacks without any serious grounds," Lavrov told journalists following the CSTO Foreign Ministers' Council meeting.

Russia is interested in the situation in Armenia being resolved as soon as possible, the minister added.

Armenia is still considered a member of the Collective Security Treaty Organization (CSTO), but this implies compliance with all the organization's obligations, Russian Foreign Minister Sergey Lavrov added.

"We have taken note that the foreign minister [of Armenia] has again refused to come to this event. We still consider Armenia a full member of this organization, but, of course, full membership implies participation and compliance with all obligations that follow from the statutory documents of the CSTO, including, by the way, the payment of dues," Lavrov told journalists following the CSTO Foreign Ministers' Council meeting.

Moscow expects clarity on all issues from Yerevan, but if it turns away from its allies, it is unlikely to benefit the people, the minister cautioned. **Sputnik**

# N. Korea's Kim Jong Un meets with Russian Culture Minister

PYONGYANG June 30

North Korean leader Kim Jong Un met with Russian Culture Minister Olga Lyubimova in Pyongyang, the Korean Central News Agency (KCNA) reported.

The meeting took place at the Party Central Committee headquarters on Sunday, with the visit of the Russian Culture Ministry's delegation coinciding with the first anniversary of the strategic partnership treaty between North Korea and Russia, the report said.

Kim highlighted the importance of exchanges, especially in culture and art, for strengthening the friendship and mutual understanding between the two countries. The North Korean leader also called for expanding cooperation in these areas, KCNA reported.

Lyubimova announced her arrival in North Korea on Saturday. She laid flowers at the Liberation Monument in Pyongyang, honoring the memory of Soviet soldiers who died during the liberation of Korea in World War II. Later, she said that the culture ministers of Russia and North Korea had signed a cooperation plan for 2025-2027.

**Sputnik**

# Death toll in chemical factory blast in India's Telangana rises to 12



NEW DELHI June 30

With the recovery of four more bodies, the death toll in Monday's blast at a chemical factory in the southern Indian state of Telangana has risen to 12, officials said.

Thirty-four others injured in the blast are undergoing treatment at the hospitals.

The blast took place in the Pashamylaram industrial area of Patancheru, Sangareddy district, about 48 km northwest of Hyderabad, the capital city of Telangana.

Telangana local health minister Damodara Raja Narasimha said the rescuers are searching for the bodies in the debris. "But there may be a few more people," he said.

The minister said an error could have happened during the processing, resulting in the blast of the drying unit.

A senior police official V Satyanarayana told the media that around 150 people were present at the time of the explosion inside the factory, with 90 of them in the affected area.

The police have registered a case and ordered an investigation to ascertain the exact cause of the explosion and assess whether safety protocols were in place at the factory.

Accidental explosions are common in Indian factories. Labor union leaders in India often accuse factories of ignoring safety standards vis-a-vis workers. **Xinhua**

# 38 dead, 28 injured after 2 buses collide, catch fire in northern Tanzania

DAR ES SALAAM June 30

At least 38 people were killed and 28 others injured on Saturday evening when two buses collided head-on and burst into flames in Moshi district in Tanzania's northern region of Kilimanjaro.

The Kilimanjaro regional commissioner, Nurdin Babu, told Xinhua in a phone interview on Sunday that the victims included members of the same family who were traveling to attend a wedding in the Moshi municipality.

Babu said the crash occurred around 5 p.m. local time (1400 GMT) after a front tire on one of the buses burst, triggering a fire that engulfed both vehicles, causing fatalities in both buses.

Babu added that 22 of the 28 injured passengers were treated and discharged from the hospital, while six remain under medical care.

**Xinhua**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

Unit 28

## **must** and **can't**

## Exercises

**28.1 Put in** must **or** can't.

1 You've been travelling all day. You ..must.. be tired.
2 That restaurant......................................be very good. It's always full of people.
3 That restaurant......................................be very good. It's always empty.
4 I'm sure Kate gave me her address. I.........................................have it somewhere.
5 I often see that man in this street. He............................................live near here.
6 It rained every day during their holiday. It.........................................have been very nice for them.
7 Congratulations on passing your exam. You.............................................be very pleased.
8 This bill.................................... be correct. It's much too high.
9 You got here very quickly. You........................................ have driven very fast.
10 Bill and Sue always stay at five-star hotels. They.................................. be short of money.
11 Karen hasn't left the office yet. She be working late tonight.

**28.2 Complete each sentence with a verb (one or two words).**

1 I've lost one of my gloves. I must have dropped it somewhere.
2 Their house is very near the motorway. It must ..be.. very noisy.
3 You've lived in this village a long time. You must...................................................everybody who lives here.
4 I don't seem to have my wallet with me. I must..............................................................it at home.
5 'How old is Ed?' 'He's older than me. He must................................................................at least 40.'
6 I didn't hear my phone. I must............................................................asleep.
7 'You're going on holiday soon. You must..............................................................forward to it.' 'Yes, I am.'
8 I'm sure you know this song. You must........................................................it before.
9 The road is closed, so we have to go another way. There must................................................an accident.
10 'Do you have a car?' 'You must......................................................................! How could I afford to have a car?'
11 David is the managing director of a large company, so he must....................................................quite a high salary.

**28.3 Use the words in brackets to write sentences with** must have **and** can't have.

1 We went to our friends' house and rang the doorbell, but nobody answered. (they / go out)
They must have gone out.
2 Sarah hasn't contacted me. (she / get / my message)
She can't have got my message.
3 The jacket you bought is very good quality. (it / be / very expensive)
........................................................................................................................................
4 I haven't seen our neighbours for the last few days. (they / go away)
........................................................................................................................................
5 I can't find my umbrella. (I / leave / it in the restaurant last night)
........................................................................................................................................
6 Amy was in a very difficult situation when she lost her job. (it / be / easy for her)
........................................................................................................................................
7 There was a man standing outside the cafe. He was there a long time. (he / wait / for somebody)
........................................................................................................................................
8 Rachel did the opposite of what I asked her to do. (she / understand / what I said)
........................................................................................................................................

Raymond Murphy

# အသက်ကြီးပိုင်းတွင် အကြားအာရုံချို့ယွင်းခြင်းက အသားဓာတ်ချို့တဲ့ခြင်းနှင့်ဆက်စပ်နေဟု သိပ္ပံပညာရှင်များတွေ့ရှိ



**ပေကျင်း၊ ကျန်းမာရေး**

အသက်ကြီးပိုင်းတွင် အကြားအာရုံချို့ယွင်းခြင်းက အသားဓာတ်ချို့တဲ့ခြင်းနှင့် ဆက်စပ်နေကြောင်း သိပ္ပံပညာရှင်များကတွေ့ရှိထားသည်။ ထို့ပြင် ယင်းကဲ့သို့ အကြားအာရုံချို့ယွင်းမှုကို သောက်ဆေးအချို့သောက်ရုံဖြင့် နှောင့်နှေးစေကြောင်း သိပ္ပံပညာရှင်များကပြောသည်။

တရုတ်နှင့်အမေရိကန်နိုင်ငံတို့မှ သိပ္ပံပညာရှင်များပါဝင်သောအဖွဲ့သည်ကဏန်းစားမျောက်များနှင့် သုတေသနတစ်ခုကို လုပ်ဆောင်သည်။ ထိုသုတေသနတွင် နားအတွင်းရှိသည့် လက်ခံကလာပ်စည်းများအတွက် အရေးပါသောအသားဓာတ်ချို့တဲ့ခြင်းကြောင့် အသက်ကြီးလာသော ထိုမျောက်များအနေဖြင့် အကြားအာရုံချို့ယွင်းလာခြင်းဖြစ်ကြောင်း တွေ့ရှိလာသည်ဟု သိပ္ပံပညာရှင်များကပြောထားသည်။

ထို့ပြင် ဆီးချိုရောဂါကုသရေးအတွက် အသုံးပြုလေ့ရှိသော မက်ဖော်မင်ကဲ့သို့ ဆေးဝါးကိုအသုံးပြုခြင်းအားဖြင့် မျောက်များတွင် အသက်အရွယ်ကြီးခြင်းကြောင့် ဖြစ်ပေါ်လေ့ရှိသော အကြားအာရုံချို့ယွင်းခြင်းဖြစ်ပွားမှုကို နောက်ကျစေနိုင်သည်ကိုလည်းတွေ့ရှိရကြောင်း Nature Aging ဂျာနယ်၌ ပညာရှင်များကဖော်ပြထားခြင်းဖြစ်သည်။

ယခုကဲ့သို့တွေ့ရှိမှုများသည် သက်ကြီးရွယ်အိုများတွင် အကြားအာရုံချို့ယွင်းမှုအတွက် ကုသမှုနည်းလမ်းအသစ်များကို ရှာဖွေတွေ့ရှိနိုင်စေမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းစီအတွက်သီးသန့်ဖြစ်သည့် ကုသမှုများကိုလည်း ထွက်ပေါ်လာစေမည်ဖြစ်ကြောင်း တရုတ်သုတေသနပညာရှင်တစ်ဦးဖြစ်သည့် ဝမ်ဆီကပြောထားသည်။ ထိုသို့ အကြားအာရုံချို့ယွင်းခြင်းကြောင့် မှတ်ဉာဏ်လျော့ကျမှုနှင့် စိတ်ဖောက်ပြန်မှုတို့ ဖြစ်ပေါ်စေနိုင်သည်။ **Ref: SCMP**

# အစ္စရေးက ဂါဇာမြောက်ပိုင်းကို ပြင်းထန်သောဗုံးကြဲမှုများပြုလုပ်

**ကိုင်ရို၊ စစ်ရေး**



ဂါဇာမြောက်ပိုင်းရှိ ပါလက်စတိုင်းပြည်သူများအနေဖြင့် ဘေးလွတ်ရာနေရာများသို့ရွှေ့ပြောင်းနေထိုင်ရန် အစ္စရေးတပ်မတော်ကအမိန့်ထုတ်ပြီးနောက် ဇွန်လ ၂၉ ရက်ညပိုင်းတွင် ယင်းဒေသကိုပြင်းထန်သောဗုံးကြဲမှုများပြုလုပ်ကြောင်း ပါလက်စတိုင်းတာဝန်ရှိသူများက ဇွန်လ ၃၀ ရက်တွင်ပြောသည်။

လပေါင်း ၂၀ ကြာမြင့်နေပြီဖြစ်သည့် အစ္စရေး-ဟားမတ်ပဋိပက္ခကို အဆုံးသတ်ရေး အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က တိုက်တွန်းပြီးနောက် တစ်ရက်အကြာတွင် အစ္စရေးက ထိုကဲ့သို့ပြင်းထန်သောဗုံးကြဲတိုက်ခိုက်မှုများပြုလုပ်ခြင်းဖြစ်သည်။

တစ်ချိန်တည်းမှာပင် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက အိမ်ဖြူတော်သို့ ရောက်ရှိနေပြီး ဂါဇာတွင်အပစ်အခတ်ရပ်စဲရေး၊ အီရန်အရေးနှင့် ဒေသတွင်းသံတမန်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးရန်ပြင်ဆင်နေသည်။

အစ္စရေး၏ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပေါက်ကွဲသံများ မရပ်မနားကြားရကြောင်းနှင့်တုန်ခါမှုများသည် ငလျင်လှုပ်နေသကဲ့သို့ဖြစ်ကြောင်း အသက် ၆၀ ခန့်ရှိသည့် ပါလက်စတိုင်းအမျိုးသားတစ်ဦးကပြောသည်။ **Ref: RTA**

# တောမီးငြိမ်းနေသည့်မီးသတ်သမားနှစ်ဦး စနိုက်ပါဖြင့်ပစ်ခတ်ခံရ

**ဝါရှင်တန်၊ ရာဇဝတ်မှု**

အမေရိကန်ပြည်ထောင်စု အိုင်ဒါဟိုပြည်နယ်၌ တောမီးငြိမ်းသတ်နေသည့် မီးသတ်သမားနှစ်ဦးသည် ခြုံခိုတိုက်ခိုက်ခံရမှုတစ်ခုအတွင်း စနိုက်ပါဖြင့်ပစ်ခတ်ခံရကြောင်းသိရသည်။

အဆိုပါဖြစ်စဉ်သည် ဇွန်လ ၂၉ ရက် မွန်းလွဲ ၁ နာရီခွဲတွင်ဖြစ်ပွားခြင်းဖြစ်ပြီး အခင်းဖြစ်ပွားရာနေရာသို့ လုံခြုံရေးတာဝန်ရှိသူများ ရောက်ရှိလာကာ နောက်ထပ်ပစ်ခတ်သံများကို ကြားရကြောင်းရဲတပ်ဖွဲ့ကထုတ်ပြန်ထားသည်။

ထို့နောက် ကန်ဖီးတောင်ပေါ်၌ ပြစ်မှုကျူးလွန်သည်ဟုသံသယရှိသူ သေနတ်သမားတစ်ဦးကို အနီးတွင်ငုံးကိုင်ဆောင်သည်ဟုယူဆရသော သေနတ်တစ်လက်နှင့်အတူ သေဆုံးလျက်တွေ့ရှိရသည်ဟု ရဲတပ်ဖွဲ့၏ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ယခုဖြစ်စဉ်နှင့်ပတ်သက်၍ အဆိုပါတောမီးသည် မီးသတ်သမားများကိုမျှားခေါ်သည့် လူရှို့မီးဟုတ်၊ မဟုတ်ကို တာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။ **Ref: RT**

## သတင်းတိုကဏ္ဍ

### အိန္ဒိယက စစ်သုံးဂြိုဟ်တုများကို ပိုမိုတိုးမြှင့်လွှတ်တင်နိုင်ဟု သတင်းဌာနများကဖော်ပြ

အိန္ဒိယနိုင်ငံသည် စစ်သုံးဂြိုဟ်တုများကို ပိုမိုတိုးမြှင့်လွှတ်တင်လာနိုင်ကြောင်း သတင်းဌာနများက ဇွန်လ ၃၀ ရက်တွင် ဖော်ပြထားသည်။ အဆိုပါဂြိုဟ်တုများအနက် ပထမဆုံးသောဂြိုဟ်တုကို လာမည့်နှစ် ဧပြီလတွင်စတင်လွှတ်တင်နိုင်ခြေရှိသည်ဟုခန့်မှန်းရကြောင်း India Today သတင်းဌာန၏ဖော်ပြချက်တွင် တွေ့ရသည်။

လွှတ်တင်မည့်ဂြိုဟ်တုများသည် ကင်းထောက်ဂြိုဟ်တုများဖြစ်ပြီး အစင်းရေ ၅၂ စင်းအထိရှိမည်ဖြစ်ကာ ထိုဂြိုဟ်တုများအားလုံးသည် ၂၀၂၉ ခုနှစ်အကုန်ပိုင်းတွင် တာဝန်များကို အပြည့်အဝထမ်းဆောင်သွားမည်ဖြစ်သည်။

အဆိုပါစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၇ ဘီလီယံအကုန်အကျခံမည်ဖြစ်ပြီး ထိုစီမံကိန်းမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်မှုကို ရရှိနိုင်မည်ဖြစ်ကာ နယ်စပ်လုံခြုံရေးကိုလည်းပိုမိုမြှင့်တင်နိုင်စေမည်ဖြစ်ကြောင်း ထိုသတင်းဌာနက ဆက်လက်ဖော်ပြထားသည်ဟုသိရသည်။ **Ref: RT**

### ဂျပန်နိုင်ငံ၌ ဇူလိုင်လအတွင်း စားသောက်ကုန်အမယ်ပေါင်း ၂၁၀၀ ကျော် ဈေးတက်မည်ဟုဆို

ဂျပန်နိုင်ငံ၌ ဇူလိုင်လတွင်စားသောက်ကုန်အမယ်ပေါင်း ၂၁၀၀ ကျော်ဈေးတက်မည်ဖြစ်ကြောင်း Teikoku Databank က ထုတ်ပြန်ထားသည်။ ယင်းကဲ့သို့ ကုန်ဈေးနှုန်းများမြင့်တက်ခြင်းသည်အလုပ်သမားစရိတ်၊ သယ်ယူပို့ဆောင်စရိတ်နှင့် ပစ္စည်းပစ္စယစရိတ်တို့အပြင် ကုန်ကြမ်းပစ္စည်းစရိတ်များ မြင့်တက်လာသည့်အတွက်ကြောင့်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။

အထူးသဖြင့် ဟင်းခတ်အမွှေးအကြိုင်များ၏ဈေးနှုန်းမြင့်တက်မှုကြောင့် စားသောက်ကုန်အမယ်ပေါင်း ၁၄၄၅ မျိုးနှင့် ချောကလက်၊ ဂျယ်လီ အစရှိသော ကုန်ပစ္စည်းများသည်လည်း ဈေးနှုန်းမြင့်တက်လာမည်ဖြစ်ကြောင်း စားသောက်ကုန်လုပ်ငန်းပေါင်း ၁၉၅ ခုကိုလေ့လာစစ်တမ်းကောက်ယူပြီးနောက် Teikoku Databank ကထုတ်ပြန်ထားခြင်းဖြစ်သည်။

ယခုကဲ့သို့ ကုန်ဈေးနှုန်းများမြင့်တက်ခြင်းသည် ၂၀၂၃ ခုနှစ်နောက်ပိုင်း အမြင့်ဆုံးဖြစ်ပြီး ကမ္ဘာ့နိုင်ငံရေးအခြေအနေကြောင့် ဈေးနှုန်းများထပ်တက်နိုင်သည့် အလားအလာရှိသည်။ **Ref: Xinhua**

### အိန္ဒိယက အမေရိကန်နှင့်ကုန်သွယ်ရေးဆွေးနွေးမှုတွင် နောက်ဆုံးမျဉ်းကိုရေးဆွဲထားဟုဆို

အိန္ဒိယနိုင်ငံသည် အမေရိကန်နိုင်ငံနှင့်ကုန်သွယ်ရေးဆွေးနွေးမှုတွင် နောက်ဆုံးမျဉ်းကိုရေးဆွဲထားကြောင်း အိန္ဒိယဘဏ္ဍာရေးဝန်ကြီး နီယာမာလာဆီသာရာမန်က Financial Express သတင်းဌာနသို့ ဇွန်လ ၃၀ ရက်တွင်ပြောသည်။

အိန္ဒိယနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့သည် ဇူလိုင်လ ၉ ရက်နောက်ဆုံးထား၍ သဘောတူရမည့် ကုန်သွယ်ရေးဆွေးနွေးမှုကိုလုပ်ဆောင်နေစဉ် စိုက်ပျိုးရေးနှင့် နို့ထွက်ပစ္စည်းကဏ္ဍသည် ယင်းဆွေးနွေးပွဲအတွက် အိန္ဒိယနိုင်ငံကရေးဆွဲသတ်မှတ်လိုက်သော နောက်ဆုံးမျဉ်းများဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးကပြောခြင်းဖြစ်သည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၏လယ်ယာကဏ္ဍ၊ လယ်သမားများ၏ရပ်တည်ချက်ကို အားနည်းစေမည့် မည်သည့်နည်းလမ်းကိုမျှ လုပ်ဆောင်သွားမည်မဟုတ်ကြောင်း နီယာမာလာဆီသာရာမန်ကပြောသည်။ ထို့အတူ အိန္ဒိယနိုင်ငံသည် အမေရိကန်နိုင်ငံနှင့် ကောင်းမွန်သောကုန်သွယ်ရေးသဘောတူညီချက်ရရှိရန် ဆန္ဒပြင်းပြနေသည်ဟုသိရသည်။ **Ref: RT**

### ဆူဒန်နိုင်ငံ၌ ရွှေတွင်းပြိုကျမှုကြောင့် တွင်းသား ၁၁ ဦးသေဆုံး

ဆူဒန်နိုင်ငံအရှေ့ပိုင်း နိုင်းပြည်နယ်၌ ရွှေတွင်းတစ်တွင်းပြိုကျမှုကြောင့် တွင်းသား ၁၁ ဦးသေဆုံးကာ ခုနစ်ဦးဒဏ်ရာရရှိကြောင်း ဒေသတွင်းတာဝန်ရှိသူများကပြောသည်။

ထိုရွှေတွင်းသည် နိုင်ငံပိုင်သတ္တုတူးဖော်ရေးကော်ပိုရေးရှင်းဖြစ်သည့် သတ္တုတွင်းသယံဇာတကုမ္ပဏီက ပိုင်ဆိုင်သောရွှေတွင်းဖြစ်ကြောင်းနှင့် တွင်းပြိုကျမှုသည် ပြီးခဲ့သည့်သီတင်းပတ်အကုန်ပိုင်းတွင်ဖြစ်ပွားခြင်းဖြစ်ကြောင်း တာဝန်ရှိသူများကပြောသည်ဟု ပြည်တွင်းသတင်းဌာနများက ဇွန်လ ၃၀ ရက်တွင်ဖော်ပြထားသည်။

သို့သော် ယင်းရွှေတွင်း၌ တွင်းပြိုကျနိုင်သည့်အန္တရာယ်ရှိခြင်းကြောင့် လုပ်ငန်းပိတ်ထားခြင်းဖြစ်ပြီး တရားမဝင်ရွှေတူးသူများကိုလည်း ထိုကုမ္ပဏီက သတိပေးချက်ထုတ်ပြန်ထားကြောင်းနှင့် ယင်းနိုင်ငံ၌ရွှေတွင်းပြိုကျမှုများ မကြာခဏဖြစ်ပွားလေ့ရှိကြောင်းသိရသည်။ **Ref: RT**

# တရားမအထူးအယူခံမှုငါးမှုစီရင်ချက်ချမှတ်ပြီး ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှုလေးမှုတို့ကို ရုံးထိုင်ကြားနာ

နေပြည်တော် ဇွန် ၃၀

ပြည်ထောင်စုတရားသူကြီးချုပ်ဦးသာဌေး နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးမောင်၊ ဦးသောင်းနိုင်၊ ဒေါ်သင်းသင်းနွဲ့၊ ဒေါ်ပြုံးပြုံး အေးတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက် ချင်းတွင်းလမ်းရှိ ဇေယျာသီရိခရိုင်တရားရုံး ရုံးခန်း အမှတ် (၁) ၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်၍ တရားမအထူးအယူခံမှု အမှတ် ၇၈/၂၀၂၄ (မန္တလေး)၊ ၇/၂၀၂၅ (ရှမ်း)၊ ၉/၂၀၂၅ (ဧရာဝတီ)၊ ၁၀/၂၀၂၅ (ပဲခူး) နှင့် ၁၁/၂၀၂၅ (ရှမ်း) စုစုပေါင်း တရားမအထူးအယူခံမှု ငါးမှုတို့ကို စီရင်ချက် ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှုအမှတ် ၃/၂၀၂၅ (မန္တလေး) နှင့် တရားမအထူးအယူခံမှု အမှတ် ၄/၂၀၂၅(ရန်ကုန်)၊ ၇၆/၂၀၂၄(မန္တလေး)၊ ၁၄/၂၀၂၅(ရန်ကုန်) နှင့် ၁၅/၂၀၂၅(ရှမ်း) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှုလေးမှုတို့ကို ရုံးထိုင် ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆ ဦးတွေ့ရှိ

**နေပြည်တော် ဇွန် ၃၀**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၂၂-၆-၂၀၂၅ ရက် ည ၈ နာရီမှ ၂၉-၆-၂၀၂၅ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၃၁၄ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ် ၁၆ ဦးတွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၆၉ ရာခိုင်နှုန်းဖြစ်သည်။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့်သေဆုံးလူနာမရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာ အခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊**
**ကျန်းမာရေးဝန်ကြီးဌာန**

# ၂၀၂၅ ခုနှစ် ဇူလိုင်လ ပထမ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဇွန် ၃၀

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့်မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရှစ်ရက်မှ ၁၀ ရက်ခန့်နှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် ငါးရက်မှ ခုနစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ရွှေကူမြို့တို့တွင် ၇ ပေမှ ၉ ပေခန့်၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၄ ပေမှ ၆ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၅ ပေမှ ၈ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၂ ပေမှ ၅ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၂ ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ၂ ပေခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၂ ပေမှ ၃ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၁ ပေခွဲမှ ၂ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၁ ပေခွဲခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ၂ ပေမှ ၃ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၂ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၃ ပေခွဲခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ၄ ပေခန့်၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ၁ ပေခွဲခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၂ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၂ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

**(မိုး/ဇလ)**

# အမှား

❖ ဖတ်ဖူးတစ်နေ့၊ စိတ်နှင့်တွေ့မို့
မမေ့မှတ်သား ဆိုစကား။

❖ ခရီးအသွား၊ မီးရထားကို
စီးမှားမိပြီ ဆိုပါစို့။

❖ သိလျှင်သိချင်း
ဝီရိယသုံး၊ ချိန်မဖြုန်းနှင့်
နီးဆုံးဘူတာ ဆင်းလိုက်ပါ။

❖ သို့မဟုတ်ဘဲ
တွန့်ဆုတ်ကြန့်ကြာ၊ ချိန်ဆွဲကြာမူ
ကြာလေ ကြာလေ၊ ခရီးရှေ(ရှည်)ကာ
ငွေလည်းပိုသုံး၊ အချိန်ပြုန်းလျက်
အရှုံးနှစ်ဆ ကြုံတတ်လှ။

❖ ကောင်းဆိုးနှစ်လီ၊ ကြောင်းကျိုးညီသည့်
ဤဥပမာ၊ တည်ပြုစာကို
သေချာမှတ်သား၊ ဉာဏ်ဝင်စားလော့
"အမှား"ဟူက၊ မပေ့ါဆနှင့်
ဘဝလှူ့ဝယ်၊ မြွေဆိုးနှယ်သို့
ငယ်သည်ကြီးသည်၊ မဟူပြီတည့်
ကိုယ့်ဆီကြာညောင်း မထားကောင်း။
ကြာရှည်ကြာညောင်း မမှားကောင်း။ ။

**ချစ်စုအောင်**

# ခရိုင်အဆင့် စက်လှေကိုင်တွယ်မောင်းနှင်ထိန်းသိမ်းမှု(မွမ်းမံ)သင်တန်းဖွင့်

ညောင်ရွှေ ဇွန် ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်အဆင့် စက်လှေကိုင်တွယ်မောင်းနှင်ထိန်းသိမ်းမှု (မွမ်းမံ)သင်တန်း အမှတ်စဉ်(၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ဇွန်လ ၃၀ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ကလောခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်စိုးက ယခုဖွင့်လှစ်သည့်သင်တန်းသည် နိုင်ငံတော်နှင့် ဒေသအတွက်သာမက မိမိတို့တပ်ဖွဲ့ဝင်များအတွက်ပါ အကျိုးရှိသည့်သင်တန်းဖြစ်သည်နှင့်အညီ သင်တန်းသားများ အနေဖြင့် အောင်မြင်ပြီးမြောက်သည်အထိ တက်ရောက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာနမှအရာရှိကြီးများနှင့် သင်တန်းနည်းပြများ၊ သင်တန်းသားများက မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

ထို့နောက် သင်တန်းကိုစတင်ပို့ချပြီး အဆိုပါသင်တန်းအား ဇွန်လ ၃၀ ရက်မှ ဇူလိုင်လ ၁၁ ရက်အထိ စာတွေ့ လက်တွေ့သင်ကြားပို့ချမည်ဖြစ်ကြောင်းနှင့် သင်တန်းသို့ သင်တန်းသား ၅၀ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

စိုင်းအယ်ဘဲ

# ကလောမြို့နယ်၌ ပထမအကြိမ် ဓနုတိုင်းရင်းသားလူငယ်ရေးရာဖလား အလွတ်တန်းဘောလုံးပြိုင်ပွဲဖွင့်လှစ်

**ကလော ဇွန် ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ကလောမြို့နယ် ကမ္ဘာ့နီကျေးရွာအားကစားကွင်း၌ ၂၀၂၅ ခုနှစ် ပထမအကြိမ် ဓနုတိုင်းရင်းသားလူငယ်ရေးရာဖလား အလွတ်တန်းဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဇွန်လ ၂၉ ရက်က ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသူများက နိုင်ငံတော်အလံအား အလေးပြုပြီး အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုခဲ့ကြသည်။ ထို့နောက် ဓနုတိုင်းရင်းသားအဖွဲ့ချုပ် ဗဟိုနာယက ဦးမောင်မောင်က အဖွင့်အမှာစကားပြောကြားပြီး အသင်းအုပ်ချုပ်သူ၊ နည်းပြနှင့်ကစားသမားများအား တက်ရောက်လာသည့် အားကစားကော်မတီဝင်များနှင့် ဧည့်သည်တော်များက လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ ကမ္ဘာ့နီကျေးရွာ ဓနုတိုင်းရင်းသားရိုးရာစာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ အကတို့ဖြင့် ဖျော်ဖြေခဲ့ကြရာ ကပြဖျော်ဖြေခဲ့သည့်အဖွဲ့များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများပေးအပ်ပြီး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ပြည်နယ်ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌတို့က ပြိုင်ပွဲအတွက် ဘောလုံးများ ပေးအပ်သည်။

ထို့နောက် ပြိုင်ပွဲအဖွင့်ပွဲစဉ်အဖြစ် ကမ္ဘာ့နီ(က) အသင်းနှင့် လွယ်မောအသင်းတို့ စတင်ယှဉ်ပြိုင်ကြရာ ပွဲချိန်အပြီးတွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ကလောမြို့နယ်ရှိ ဓနုတိုင်းရင်းသားပြိုင်ပွဲဝင် ၂၄ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းနှင့် ပထမဆု ငွေကျပ် သိန်း ၅၀၊ ဒုတိယဆု ငွေကျပ် သိန်း ၃၀၊ တတိယဆု ငွေကျပ် သိန်း ၂၀ နှင့် တစ်ဦးချင်းဆုတံဆိပ်များ ချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။



**ကျော်ဝင်း(ကလော)**

# ၂၀၂၅ ဆီးဂိမ်းပြိုင်ပွဲတွင် ကစ်ဘောက်ဆင်အားကစားနည်း အောင်မြင်မှုရရှိစေရန် အာရှကစ်ဘောက်ဆင် ကွန်ဖက်ဒရေးရှင်းမှ နည်းစနစ်များ လာရောက်ဆွေးနွေး



**ရန်ကုန် ဇွန် ၃၀**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၅ ဆီးဂိမ်းပြိုင်ပွဲတွင် ကစ်ဘောက်ဆင်အားကစားနည်း အောင်မြင်မှုရရှိစေရန် အာရှကစ်ဘောက်ဆင်ကွန်ဖက်ဒရေးရှင်းမှ ကစ်ဘောက်ဆင်နည်းစနစ်များကို ဇွန်လ ၂၉ ရက်က ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သိမ်ဖြူအားကစားခန်းမ၌ လာရောက်ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ဆီးဂိမ်းကိုဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်တဲ့အတွက် ဒိုင်တွေ၊ ကစားသမားတွေ၊ နည်းပြတွေမှာ ဆီးဂိမ်းနဲ့ပတ်သက်တဲ့အတွေ့အကြုံမရှိသေးဘူး။ နည်းစနစ်ချင်း၊ အမှတ်ပေးတဲ့ပုံစံချင်းကွဲပြားမှာစိုးတဲ့အတွက် အာရှအဖွဲ့ချုပ်ကို ဆက်သွယ်ပါတယ်။ အာရှကစ်ဘောက်ဆင်အဖွဲ့ချုပ်ဥက္ကဋ္ဌဖြစ်တဲ့ မစ္စတာနာဆရီကိုယ်တိုင်ရောက်လာပါတယ်။ သူနဲ့အတူ နည်းစနစ်ဒါရိုက်တာ မစ္စတာလင်းလည်း ရောက်လာပြီး ဆွေးနွေးပို့ချကြတာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံကစ်ဘောက်ဆင်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝဏ္ဏကပြောသည်။

ယင်းဆွေးနွေးပွဲကို ကစ်ဘောက်ဆင်နည်းပြများ ဒိုင်များ၏နည်းစနစ်ဆိုင်ရာ အသိပညာများမြှင့်တင်ရန်၊ အာရှကစ်ဘောက်ဆင်ကွန်ဖက်ဒရေးရှင်း၏ အပြည်ပြည်ဆိုင်ရာစံနှုန်းများနှင့်ကိုက်ညီသော ဒိုင်လူကြီးလုပ်ငန်းစဉ်များ ချမှတ်ရန်၊ ဆီးဂိမ်းအတွက် သီးသန့်သတ်မှတ်ထားသော စည်းမျဉ်းများနှင့်ကျန်းမာရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများကိုသုံးသပ်အသုံးချရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆွေးနွေးမှုများတွင် အာရှကစ်ဘောက်ဆင်ကွန်ဖက်ဒရေးရှင်း၏ နောက်ဆုံးရပြင်ဆင်ထားသော စည်းမျဉ်းများနှင့် အမှတ်ပေးစံနှုန်းများ၊ ပြိုင်ပွဲစီမံခန့်ခွဲမှုနှင့် ကန့်ကွက်တင်ပြသည့် လုပ်ထုံးလုပ်နည်းများ၊ ဆေးဘက်ဆိုင်ရာနှင့်အားဆေးသုံးစွဲမှုကာကွယ်ရေးစည်းကမ်းချက်များ၊ ယခင်ကျင်းပခဲ့သော ဆီးဂိမ်းနှင့်အာရှချန်ပီယံပြိုင်ပွဲများမှ လေ့လာဖွယ်ကိစ္စများနှင့် ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်မှုများကို ထည့်သွင်းဆွေးနွေးကြကြောင်း သိရသည်။

**ဝန်းရံခ**

# တာမွေမြို့နယ်၌ မူးယစ်ဆေးဖြတ်သင်တန်းသားများ၏ မိဘအုပ်ထိန်းသူများနှင့်တွေ့ဆုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇွန် ၃၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနလက်အောက်ရှိ ပြန်လည်ထူထောင်ရေးဦးစီးဌာန၏ ပြန်လည်ထူထောင်ရေးစခန်းအသီးသီးတွင် မူးယစ်ဆေးဖြတ်ပြီးနောက် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုရုံး၌ မူးယစ်ဆေးဖြတ်သင်တန်းသားများ၏ မိဘအုပ်ထိန်းသူများနှင့် တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို ဇွန်လ ၃၀ ရက်တွင် ကျင်းပသည်။

အခမ်းအနားတွင် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟို ဥက္ကဋ္ဌ ဦးစံရှိန်က အသင်းအနေဖြင့် မူးယစ်ဆေးဖြတ်ပြီးသူများအား ဆောင်ရွက်ပေးနေသည့် နောက်ဆက်တွဲစောင့်ရှောက်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျောင်းသားလူငယ်ထုဆက်သွယ်ရေးသံတမန် ဟာသသရုပ်ဆောင်လူရွှင်တော် ဦးချစ်ချောက မှုဒိတာစကားပြောကြားသည်။

ဆက်လက်၍ သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ အသီးသီးပေးအပ်ကြပြီး မူးယစ်ဆေးဖြတ်သင်တန်းသားများ၏ မိဘအုပ်ထိန်းသူများကိုယ်စား သင်တန်းသားမိဘတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) ဗဟို ဥက္ကဋ္ဌ ဦးစံရှိန်က မူးယစ်ဆေးဖြတ်သင်တန်းသားများ၏ မိဘအုပ်ထိန်းသူများနှင့်တွေ့ဆုံကာ သင်တန်းဆင်းသင်တန်းသားများ၏ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲတိုးတက်လာမှုအခြေအနေများနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။

မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုအနေဖြင့် မူးယစ်ဆေးစွဲလူနာများအား ရှာဖွေဖော်ထုတ်ခြင်း၊ ဆိုရှယ်မီဒီယာမှ ဆက်သွယ်လာသည့် မူးယစ်ဆေးစွဲလူနာများအား ဆေးရုံသို့လွှဲပြောင်းညွှန်းပို့၍ ဆေးဖြတ်ပေးခြင်း၊ ဆေးရုံမှ ပြန်ဆင်းလာသည့်အခါ ပြန်လည်ထူထောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ပြန်လည်ထူထောင်မှုခံယူပြီးသူများအား နောက်ဆက်တွဲစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းတို့ကို ၂၄ နာရီ ဝန်ဆောင်မှုပေးလျက်ရှိပြီး ၂၀၂၅ ခုနှစ်အတွင်း စုစုပေါင်း မူးယစ်ဆေးဖြတ်သင်တန်းသား ၁၆၆ ဦးကို စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ နောက်ဆက်တွဲစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **နိုင်လင်းအောင်(ပြန်/ဆက်)**

# မိုးနဲမြို့နယ်၌ DU-12 မိုးစပါး မျိုးစေ့ချကိရိယာဖြင့် ကွင်းသရုပ်ပြစိုက်ပျိုး

**မိုးနဲ ဇွန် ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ် နောင်မြိုင်းကျေးရွာအုပ်စု တောင်သူဦးစိုင်းနော်ခမ်း၏ လယ်မြေ၌ DU-12 မိုးစပါး မျိုးစေ့ချကိရိယာဖြင့် ကွင်းသရုပ်ပြစိုက်ပျိုးခြင်းကို ဇွန်လ ၃၀ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်သည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မော်ဦးက မျိုးစေ့ချကိရိယာဖြင့် ကွင်းသရုပ်ပြစိုက်ပျိုးရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ရှစ်တန်းသွားမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခဲ့ကြသည်။

အဆိုပါမျိုးစေ့ချကိရိယာဖြင့် စပါးတိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးခြင်းဖြင့် ကြဲခင်းထက် မျိုးစေ့နှုန်းထားလျှော့ချနိုင်ခြင်း၊ ပျိုးနုတ်ရန်မလိုခြင်းကြောင့် ပျိုးပင်ထိခိုက်မှုသက်သာစေခြင်း၊ အမြစ်ကြီးထွားဖွံ့ဖြိုးမှု စောစီးစွာရရှိစေခြင်း၊ ရေကြီးနစ်မြုပ်ခြင်းနှင့် ရေငတ်ဒဏ်ပိုမိုခံနိုင်ရည်ရှိခြင်း၊ အသုံးပြုမြေဩဇာ၏ အကျိုးသက်ရောက်နိုင်စွမ်း ပိုမိုကြာမြင့်စေခြင်း၊ ရေကို ပိုမိုအကျိုးရှိစွာ အသုံးပြုနိုင်ခြင်း၊ ပျိုးထောင်စိုက်ပျိုးခြင်းစနစ်နှင့် အထွက်နှုန်းသိသာစွာ ကွဲပြားခြားနားမှုမရှိခြင်း စသည့်အကျိုးကျေးဇူးများရရှိစေမည်ဖြစ်ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

**○ ကျောဖုံးမှအဆက်**

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဇွန်လ ၂၉ ရက်နေ့ နံနက် ၅ နာရီ ၂၀ မိနစ်ခန့်တွင် ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ဝဲကြီး(တောင်) ကျေးရွာသို့ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး သောင်ပုကျေးရွာဘက်သို့ ပြန်လည်ဆုတ်ခွာသွားကြောင်း သိရသည်။

အဆိုပါပစ်ခတ်တိုက်ခိုက်ခဲ့မှုဖြစ်စဉ်အတွင်း ဝဲကြီး(တောင်)ကျေးရွာနေသူများဖြစ်ကြသည့် မောင်ဖွဲ့ပြည့်(၇)နှစ်၊ ဒေါ်ခင်အေးစု(၅၆)နှစ်နှင့် ဒေါ်သီတာဦး (၃၅)နှစ်တို့သုံးဦးတွင် ဗုံးသီးပေါက်ကွဲစထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး ကိုသော်တာဦး(၂၂)နှစ်၊ ဒေါ်ခင်ရွှေ(၇၀)နှစ်၊ ဦးဆန်းဝင်း (၅၆)နှစ်၊ မောင်မျိုးမင်းဆက်(၂၄)နှစ်၊ မောင်ညာဏ်လင်းထက်(၂၂)နှစ်၊ မောင်ပြည့်စုံ(၁၈)နှစ်၊ ဦးတင်ဝင်းထွန်း(၄၄)နှစ်၊ ဦးမျိုးမင်းထွန်း (၃၇)နှစ်၊ မောင်ကောင်းခန့်သော်(၈)နှစ်၊ ဒေါ်စံပယ်(၄၃)နှစ်၊ မောင်ခန့်(ခ)ခန့်ညား (၁၇)နှစ်၊

**စာမျက်နှာ ၂၆ သို့ ○**

**ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၌ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ကလေးငယ်များအပါအဝင် အပြစ်မဲ့အရပ်သားပြည်သူသုံးဦးသေဆုံး၍ ၂၅ ဦး ထိခိုက်ဒဏ်ရာရရှိမှု မှတ်တမ်းဓာတ်ပုံ။**


မောင်ဖွဲ့ပြည့်(သေဆုံး)


ဒေါ်ခင်အေးစု(သေဆုံး)


ဒေါ်သီတာဦး(သေဆုံး)

ဒဏ်ရာရရှိသူ ၂၅ ဦး၏ မှတ်တမ်းဓာတ်ပုံ။



မစုမြတ်မွန်


ဦးနိုင်ထွန်း


ဒေါ်ခင်ငွေး


ဒေါ်ချို


ဒေါ်စုနွေဇင်


မောင်ဘုန်းခန့်သော်


ဒေါ်ဇာ


ဦးဝင်းညွန့်


မောင်ကောင်းခန့်သော်


မောင်ခန့်(ခ)ခန့်ညား


မောင်ကံထူးဝေ


ဒေါ်ခင်ရွှေ


မရွှေဇင်ဦး


ဒေါ်စံပယ်


မောင်ညာဏ်လင်းထက်


ဦးမျိုးမင်းထွန်း


မသွယ်သွယ်စိုး


မတွယ်တာဦး


မောင်စုမြတ်သူ


ဦးတင်ဝင်းထွန်း


ဦးဆန်းဝင်း


မောင်မျိုးမင်းဆက်


ဒေါ်ဝါဝါမြင့်နှင့်မောင်ပြည့်စုံ


ကိုသော်တာဦး

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၃၀**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Thelzar Khine" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်နေ သဲဇာခိုင်အား နံနက် ၁၁ နာရီ ၅၅ မိနစ်တွင် ရွှေပေါက်ကံနယ်မြေရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

**❖ ကျောဖုံးမှအဆက်**

စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ဘိန်းဖြူဘလောက်တုံး ၁၀၀ တုံး၊ စုစုပေါင်းအလေးချိန် ၃၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၂၀၀၀ ပြားနှင့် ကက်တမင်း ၁ ဒသမ ၁ ကီလိုတို့အား ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများအား ဆီဆိုင်မြို့နယ်မှတပ်ကုန်းမြို့နယ်သို့ သယ်ဆောင်လာခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၁၀၀)

**○ စာမျက်နှာ ၂၅ မှအဆက်**

မောင်ဘုန်းခန့်သော်(၇)လ၊ မောင်ကံထူးဝေ(၈)လ၊ မောင်စုမြတ်သူ(၁၂) နှစ်၊ မစုမြတ်မွန်(၁၀)နှစ်၊ မသွယ်သွယ်စိုး(၈)နှစ်၊ မရွှေဇင်ဦး(၂၆)နှစ်၊ မတွယ်တာဦး(၂၀)နှစ်၊ ဒေါ်ဝါဝါမြင့်(၄၉)နှစ်၊ ဒေါ်စုနွေဇင်(၃၈)နှစ်၊ ဒေါ်ဇာ(၃၄)နှစ်၊ ဒေါ်ချို(၆၀)နှစ်၊ ဝဲကြီး(မြောက်)ကျေးရွာနေသူများဖြစ်ကြသည့် ဦးဝင်းညွန့်(၅၆)နှစ်၊ ဒေါ်ခင်ဌေး(၇၃)နှစ်နှင့် ဝဲဒေါင့်ကျေးရွာနေ ဦးနိုင်ထွန်း (၄၆)နှစ်တို့ ၂၅ ဦးတွင် ဗုံးသီးပေါက်ကွဲစထိမှန်ဒဏ်ရာ၊ ကျည်ထိမှန်ဒဏ်ရာများအသီးသီး ရရှိခဲ့၍ သေဆုံး/ဒဏ်ရာရရှိသူများအား ဖြူးမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသပေးခြင်းများဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့အရပ်သားပြည်သူများနေထိုင်ရာ ကျေးရွာသို့ တိုက်ပွဲများဖော်ဆောင်၍ ပစ်ခတ်တိုက်ခိုက်မှုများလုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်လိုသည့် တာဝန်သိပြည်သူများနှင့်ပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# လှိုင်လင်မြို့နှင့် မိုင်းဆတ်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



တရားခံဂျိုးဇက်အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဇွန် ၃၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန်လ ၂၈ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် လှိုင်လင်မြို့၊ ရပ်ကွက်(၂)၊ လှိုင်လင်-တောင်ကြီးသွားကားလမ်းတွင် လှိုင်လင်ဘက်မှ တောင်ကြီးဘက်သို့ ခွန်မောင်ကံမောင်းနှင်လာသည့် ဆိုင်ကယ်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၀၀ ပြား (တစ်ပြားလျှင် ၅၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၆ သိန်း)ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ပူးပေါင်းအဖွဲ့သည် ဇွန်လ ၂၉ ရက် ည ၇ နာရီခွဲတွင် သတင်းအရ မိုင်းဆတ်မြို့နယ်၊ မယ်နင်ကျေးရွာအုပ်စု၊ ကာနကျေးရွာနေ ဂျိုးဇက်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၀၀၀ ပြား (တစ်ပြားလျှင် ၇၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၁၉ သိန်း) ဖမ်းဆီးရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

**မြဝတီ**

# ရေဘေးကာကွယ်ရေးတာတမံများ၏ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု အစီအစဉ်များကို ရှင်းလင်းခြင်းနှင့် ရေဘေးကာကွယ်ရေးသရုပ်ပြသ



**မြန်အောင် ဇွန် ၃၀**

